
mgyoe.com SAMPLE BOOK


# သင်္ဘောသားပြောသောပုံပြင်များ

မိုးကျော်ဇင်



mgyoe.com SAMPLE BOOK

သင်္ဘောသားတွေရဲ့ အိတ်ကပ်ထဲမှာ
ဒေါ်လာတွေချည်း ရှိတာမဟုတ်ပါဘူး။
ချုပ်ရိုးမပြေရသေးတဲ့ ဒဏ်ရာတွေလည်း
ရှိနေကြတယ်ဆိုတဲ့အကြောင်း ......



illustrated by
**Jelly**

ISBN 978-99986-52-01-9

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - ဇူလိုင် လ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ် အတွင်းပုံနှိပ် | - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀) အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | - Jelly |
| တန်ဖိုး | - ၄၅၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

# သင်္ဘောသားပြောသောပုံပြင်များ

မိုးကျော်ဇင်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

( အမှာစာ )

ဒီအကြောင်းတွေဟာ ကျွန်တော့်ရှေ့က ရှိခဲ့ဖူးကြတဲ့ သဘော်သား စာရေးဆရာတွေ ပြန်ပြောခဲ့တဲ့ ပုံပြင်ဇာတ်လမ်းတွေနဲ့ တူချင်မှ တူပါလိမ့်မယ်။ တူတဲ့ အပိုင်းတွေလည်း ရှိကောင်း ရှိပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေ ရေးဖြစ်ခဲ့တဲ့ မူရင်း အကြောင်းတရားတွေထဲမှာ ကျွန်တော့်ရှေ့က ရှိခဲ့တဲ့ သဘော်သား စာရေးဆရာကြီးတွေရဲ့ အရေးအသားတွေက အကြောင်းတရား တစ်ခုအဖြစ် ပါဝင်နေတယ် ဆိုတာကို ရိုးရိုးသားသားပဲ ဝန်ခံလိုက်ပါတယ်။

ပင်လယ်ရေက နက်တယ် တဲ့။

ကျွန်တော် သဘော်လိုက်ဖို့ ကြိုးစားနေစဉ် ကာလက ကြားခဲ့ဖူးတဲ့ စကားတစ်ခွန်းပါ။ တကယ်လည်း ဟုတ်ပါတယ်။ ပင်လယ်ရေက နက်ပါတယ်။ သဘော်သား ဆိုတာ အဲဒီ နက်ရှိုင်းတဲ့ ပင်လယ်ရေထဲက ငွေကြေးကို ရှာဖွေရယူနေရသူတွေပါပဲ။ ဒီတော့ သဘော်သားဘဝ ဆိုတာ လွယ်ကူ ချောမွေ့တဲ့ အခြေအနေ တစ်ခု မဖြစ်နိုင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သဘော်သား ဆိုတာနဲ့ အရိုင်းဆန်ဆန် လူမှုဘဝ ရှိကြသူတွေလို့ အယူအဆ ရှိခဲ့ဖူးပါတယ်။ အခုထက်ထိလည်း ကျန်နေကြပါသေးတယ်။ တကယ်လည်း အရိုင်းဆန်ဆန် နေထိုင် ရှင်သန်ရတဲ့ အပိုင်းတွေက ရှိကို ရှိနေတာပါပဲ။ ဆရာမ ခင်မြဖင်ရဲ့ "တော" ဝတ္ထုတိုထဲမှာ "ယောက်ျားတွေ ဟာ မေတ္တာတရားနဲ့ ဝေးရင် ရိုင်းသွားတတ်ကြတယ်" တဲ့။ သဘော်သားတွေ ဆိုတာ မေတ္တာတရားရဲ့ အဝေးရောက် လူသားတွေပဲလေ။

ကျွန်တော့်သူငယ်ချင်း တစ်ယောက်က ပြောဖူးတယ်။ သူ့နယ်က သူ့မိဘတွေ ဇာတိရွာဆီ အလည်ရောက်သွားတော့ ဆွေမျိုးနီးစပ် အမျိုးသမီးကြီး တစ်ယောက်က ဘာအလုပ်လုပ်လဲလို့ မေးတဲ့အခါ သူက သဘော်သားပါလို့ ပြန်ဖြေတယ်။ အဲဒီမှာ အမျိုးသမီးကြီးက ကရုဏာမကင်းတဲ့ မျက်နှာနဲ့ ကြည့်ပြီး "ငယ်ငယ်ရွယ်ရွယ်နဲ့ ..." လို့ ပြန်ပြောပါတယ်တဲ့။ သူက အဲဒီအကြောင်း ပြောရင်း စိတ်မကောင်း ပြန်ပြန် ဖြစ်တတ်ပါတယ်။

မြန်မာရုပ်ရှင်တွေ၊ ဗွီဒီယိုတွေ အတော်များများမှာတော့ သဘော်သား ဇာတ်ကောင် တစ်ယောက် ပါလာပြီ ဆိုရင် ပေါကြောင်ကြောင် အပြုအမူတွေ၊ ဗရုတ်သုတ်ခ ဝတ်စားဆင်ယင်မှုတွေနဲ့ ကျပ်မပြည့်တဲ့ ကာရိုက်တာတွေ ထား တတ်ကြပါတယ်။ တချို့ကလည်း ဗီလိန်အဖြစ်နဲ့ ထားပါတယ်။ နောက်ထပ် ထူးခြားမှု တစ်မျိုးကတော့ ဟာသဆန်ပါတယ်။ ဇာတ်လိုက်မင်းသားဟာ သဘော် တစ်ခေါက် နှစ်ခေါက်လောက် လိုက်ပြီးရင် မြန်မာပြည် ပြန်လာပြီး ကုမ္ပဏီ ထောင်ကြတော့တာပါပဲ။

ဒီစာအုပ်ဟာ သဘော်သားတွေ ဘဝကို သနားဖို့ ရှေ့နေလိုက်ပေးတဲ့ စာအုပ်မျိုး မဟုတ်ပါဘူး။ အဲဒီလိုလည်း မရည်ရွယ်ပါဘူး။ တချို့ အကြောင်းအရာ တွေဟာ ကျွန်တော့် ကိုယ်တွေ့တွေ ဖြစ်ပြီး တချို့ အကြောင်းအရာတွေကတော့ မိတ်ဆွေတွေရဲ့ အတွေ့အကြုံတွေ ဖြစ်ပါတယ်။ တချို့ အကြောင်းအရာတွေဟာ ရယ်မောစရာတွေ ဖြစ်ပြီး တချို့အကြောင်းအရာတွေဟာ ရင်မောစရာတွေ ဖြစ်ကြ ပါတယ်။

ဒီစာအုပ်ထဲက အရေးအသားတွေဟာ ဝတ္ထုတိုတွေ မဟုတ်ဘူး ဆိုတဲ့ အကြောင်း ပြောလိုပါတယ်။ အတွေ့အကြုံတွေကို ပေါ့ပေါ့ပါးပါး ပြန်ပြောထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ဓာတ်လမ်းတွေပါပဲ။ ဝတ္ထုတိုမှာ ဓာတ်လမ်း သဘောတွေ ပါတတ်ကြပေမဲ့ ဓာတ်လမ်းနဲ့ ဝတ္ထုတိုကြားမှာတော့ ခြားနားမှု ရှိပါတယ်။

ကျွန်တော့်နာမည်နဲ့ ဘဝကို ဒီနေ့အထိ ရပ်တည် ရှင်သန်ခွင့် ပေးခဲ့ကြတဲ့ သက်ဆိုင်သူ တစ်ယောက်စီတိုင်းကို ကျေးဇူးတင်ပါတယ်။ ။

လေးစားစွာဖြင့်
မိုးကျော်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK

# သင်္ဘောသားပြောသော ပုံပြင်များ ( ၁ )

၂၀၁၄ ခုနှစ်လောက်က ကျွန်တော် စင်ကာပူ သင်္ဘောကုမ္ပဏီက သင်္ဘောတစ်စီး မှာ အလုပ် လုပ်နေတုန်းပေါ့။

သင်္ဘောက လောင်စာဆီတင်တဲ့ သင်္ဘောဖြစ်ပြီး သင်္ဘောသား အများစု က တရုတ်နိုင်ငံသားတွေ ဖြစ်ကြပါတယ်။ အဲဒီ သင်္ဘောမှာတုန်းက ကပ္ပတိန်က မြန်မာလူမျိုးဖြစ်ပြီး နောက်ပိုင်း ရုရှား လူမျိုး ကပ္ပတိန် ရောက်လာပါတယ်။ တခြား အရာရှိနဲ့ သင်္ဘောသားတွေကတော့ တရုတ်နိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသား တွေပါ။ ကျွန်တော်နဲ့ အင်ဂျင် ခန်းမှာ ဂျူတီအတူယူရတဲ့ 3rd Engineer က တရုတ် နိုင်ငံသားပါပဲ။ အသက်က ကျွန်တော့်ထက် နှစ်နှစ်လောက်ပဲ ကြီးပါတယ်။

ကျွန်တော့် သင်္ဘောသား ဘဝမှာ နိုင်ငံခြားသား အတော်များများနဲ့ အတူတူ အလုပ်လုပ်ခဲ့၊ ကြုံဆုံခဲ့ဖူးပါတယ်။ ဒါပေမဲ့ စင်ကာပူနိုင်ငံသား တရုတ် လူမျိုးသူဌေးရဲ့ ကုမ္ပဏီမှာ အချိန်အကြာဆုံး အလုပ်လုပ်ခဲ့တာမို့ တရုတ်နိုင်ငံသား တွေနဲ့သာ အများဆုံး တွေ့ဆုံခဲ့ပါတယ်။ အဲဒီထဲကမှ MT. MANTA မှာ ဂျူတီ အတူတူ ယူခဲ့ရတဲ့ 3rd Engineer ကတော့ ထူးခြားပါတယ်။ သူနဲ့ လူမျိုးတူ

mgyoe.com

mgyoe.com

နိုင်ငံတူ အတော်များများဟာ ပျော့ပျောင်းတဲ့ အမြင်ရှိကြပေမဲ့ သူကတော့ သူ့နိုင်ငံရဲ့ အင်အားကြီးထွားလာမှုအပေါ် တခြား တရုတ်နိုင်ငံသားတွေထက် ပိုပြီး ဂုဏ်ယူသလို သူ့နိုင်ငံရဲ့ နိုင်ငံငယ်တွေအပေါ် ကြွေးမြီ ထောင်ချောက်ဆင် ဖမ်းတဲ့ ကိစ္စတွေကိုလည်း အခိုင်အမာ ကာကွယ် ပြောတတ်ပါတယ်။

အရပ် မနိမ့်မမြင့်၊ ကိုယ်ဟန်ပါးပါးလျလျ၊ ဖြူဖပ်ဖြူရော် အသားအရေနဲ့ အစဉ် အားနည်းနေသလို ထင်ရတဲ့ လူတစ်ယောက်ပေါ့။ ဆံပင်ပါးပါး ထိပ်ပြောင်ပြောင်နဲ့ တစ်ခုခုကို ကြည့်တော့မယ်ဆို သူ့ပါဝါ မျက်မှန်ထူထူကြီးကို မမပြီး ပင့်ကြည့်တတ်လေ့ ရှိတယ်။ စကားပြောရင်လည်း ခပ်တိုးတိုး ညင်ညင်သာသာ။ တစ်ခါတလေ ညည်းညူသံလိုလို ထွက်တတ်တယ်။ သူ့ကြည့်ရတာ မန်ချူးခေတ်က ထိပ်အပြောင်ရိတ်ပြီး ကျစ်ဆံမြီး ရှည်ထားတဲ့ တရုတ်တစ်ယောက် အတိုင်းပဲ။

ကျွန်တော်တို့ ဂျူတီယူချိန်ဟာ မွန်းတည့် ၁၂ နာရီကနေ ၄ နာရီ၊ ည ၁၂ နာရီကနေ မနက် ၄ နာရီအထိ။ သင်္ဘောတွေပေါ်မှာ အင်ဂျင်ခန်းသမားတွေရဲ့ အလုပ်လုပ်ချိန်ဟာ များသောအားဖြင့် နေ့ပိုင်းတွေသာ လုပ်တတ်ကြပြီး ညပိုင်း ဂျူတီမှာတော့ အရေးတကြီး အလုပ်မရှိရင် ပုံမှန်အတိုင်း အင်ဂျင်ခန်းထဲ လှည့်ပတ်ကြည့်ပြီး ပုံမှန်စစ်ဆေးနေကျ အလုပ်တွေ လုပ်ပြီးတာနဲ့ ကွန်ထရိုးခန်းထဲ ကော်ဖီ ထိုင်သောက်ရင်း၊ မော်နီတာ ထိုင်ကြည့်ရင်း၊ အရေးမကြီးတဲ့ Alarm တွေ လာရင် Alarm reset လုပ်ရင်း စကား ထိုင်ပြောနေကြတာ များပါတယ်။

ဒီတော့ သူနဲ့ ကျွန်တော်လည်း ညပိုင်း ဂျူတီချိန်တွေမှာ စကားပြောဖြစ်ကြတာ များတာပေါ့။ စကားပြောဖြစ်ကြတယ် ဆိုပေမဲ့ တစ်ခါတလေ ငြင်းခုန်ကြတာက ပိုများပါတယ်။ ပထမတော့ သူ့ အကြောင်း ကိုယ့်အကြောင်း ပြောကြတာပေါ့။ သူ့မိသားစုအကြောင်း၊ ကိုယ့်မိသားစုအကြောင်း ပြောကြတာပေါ့။ တစ်ခါတလေ ဒဿနဆန်ဆန်တွေတောင် ပါကြသေးတာ။ တစ်ခါတော့ သူ ထူးထူးဆန်းဆန်း မေးခွန်း တစ်ခုကို မေးပါရော။

"မင်း အချစ် ဆိုတာကို ယုံလား" တဲ့။

ဒီမေးခွန်းကိုတော့ သူ လေးလေးနက်နက် မေးတတ်တယ်။ ကျွန်တော်က ယုံတယ်လို့ပြော တော့ သူက "ငါကတော့ မယုံဘူး" တဲ့။ ဒီအထိ သိပ် မထူးဆန်းပေမဲ့ သူ့ရဲ့ နောက်ဆက်တွဲ ရဲရဲတင်းတင်း ပြောချလိုက်တဲ့ စကားကိုတော့ အံ့ဩသွားမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါက ငါ့မိန်းမကို မချစ်ဘူး" တဲ့။

သားလေး တစ်ယောက် ထွန်းကားပြီးတဲ့အထိ လက်ရှိ ပေါင်းသင်းနေတဲ့ ကိုယ့်ဇနီးရဲ့ ကွယ်ရာမှာ "သူ့ကို ငါမချစ်ဘူး" လို့ ပြောထွက်တဲ့ သူ့ကို ကျွန်တော် တကယ်ပဲ အံ့သြသွားမိတာ အမှန်ပါပဲ။ တကယ်တော့လည်း သူ ပထမဆုံး ချစ်မိပြီး လက်ထပ်ဖို့ ကြိုးစားခဲ့တဲ့ အမျိုးသမီးဟာ အခု သူ ပေါင်းသင်းနေတဲ့ ဇနီး မဟုတ်ခဲ့ဘူးလေ။

"သူက ကျောင်းဆရာမကွ။ သူနဲ့ လက်ထပ်ဖို့အထိ တိုင်ပင်တော့ သူက သူ့မိဘတွေနဲ့ တွေ့ဖို့ တိုက်တွန်းတာနဲ့ ငါ သွားတွေ့ခဲ့တယ်။ သူ့အဖေက ငါ့ကို ဘာလုပ်လဲလို့ မေးတော့ ငါက သင်္ဘော အင်ဂျင်နီယာပါလို့ ပြန်ပြောရတာပေ့ါ"

ကျွန်တော်တို့လို နိုင်ငံမှာတော့ ယောက္ခမလောင်းရှေ့ ဒီလိုပြောရတာ အားရှိစရာ ဖြစ်ချင် ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ သူတို့နိုင်ငံမှာတော့ သူဟာ သူ့ယောက္ခမလောင်းရှေ့ ရင်ကော့ထားနိုင်ပုံ မရပါဘူး။

"အဲဒီတော့ သူ့အဖေက ဘာပြန်ပြောတယ် မှတ်လဲ"

သူက စကားပြောရင်း ကျွန်တော့်ကို မေးခွန်းတစ်ခု မေးလိုက်သေးတယ်။ ဒါက မေးခွန်းဆိုပေမဲ့ သူ မသိလို့ မေးတာမျိုးတော့ မဟုတ်ပါဘူး။ သူ ဆက်ပြောမဲ့ စကားကို ပိုပြီး အာရုံစိုက်မိစေချင်တာမျိုး ၊ ဒါမှမဟုတ် ဒီစကားကို ဆက်ပြောဖို့ သူ့ကိုယ့်သူ အားမွေးလိုက်တာမျိုးလည်း ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။

ကျွန်တော်က ခေါင်းယမ်းပြတော့ သူက ဆက်ပြောတယ်။

"မင်းက လူကတော့ မဆိုးပါဘူး။ ဒါပေမဲ့ သင်္ဘောအင်ဂျင်နီယာ ဆိုတော့ တက်လမ်း မရှိဘူး။ ဒါကြောင့် ငါ သဘောမတူနိုင်ပါဘူး တဲ့"

ကျွန်တော် အံ့သြသွားရပြန်တယ်။ တစ်လတစ်လ အမေရိကန်ဒေါ်လာ ငါးထောင်နီးပါး ရနေတဲ့ သင်္ဘော အင်ဂျင်နီယာဟာ သူတို့ မျက်လုံးထဲ တက်လမ်း မရှိဘူးတဲ့။ ဒီလိုနဲ့ သူတို့ လက်မထပ်ဖြစ်ခဲ့ဘူး။ ဒီလိုနဲ့ သူ့ချစ်သူ ကျောင်းဆရာမလေးကို မိဘတွေက အိမ်ထောင်ချပေးလိုက်ကြတယ်။ သတို့သားက ကားဒရိုင်ဘာတဲ့။

"ကားဒရိုင်ဘာ ဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

"နိုး ... နိုး ... နိုး ... ကားဒရိုင်ဘာ ဆိုပေမဲ့ အစိုးရ ရုံးတစ်ရုံးက အရာရှိ တစ်ယောက်ရဲ့ ကားကို မောင်းရတာ။ လစာမများပေမဲ့ တခြား အခွင့်အရေးတွေနဲ့ တခြားငွေတွေလည်း ရတယ်။ ဒီတော့ ငါ့ထက် ပိုပြီး တက်လမ်း ရှိတဲ့ သဘောပေါ့ကွာ"

သူတို့နိုင်ငံကလည်း တို့နိုင်ငံနဲ့ တူတာလေးတွေ တူနေကြတာပါပဲလား လို့ ကျွန်တော် တွေးရင်း ပြုံးမိသေးတယ်။ မိတ်အင်ချိုင်းနားတွေ များတဲ့ ကျွန်တော်တို့ နိုင်ငံကိုပဲ သူတို့က ဒီလို အလေ့အထတွေ တင်သွင်းခဲ့တာလား၊ ဒါမှမဟုတ် ဒီအလေ့အထကပဲ ကျွန်တော်တို့နိုင်ငံရဲ့ တစ်ခုတည်းသော ပို့ကုန်များလားလို့ တွေးမိခဲ့သေးတယ်။

အခု သူ့ဇနီးကိုတော့ သူက တိုက်ရိုက်တွေ့ခဲ့တာမျိုး မဟုတ်ဘဲ အောင်သွယ်တော် အိမ်နီးချင်း မိန်းမကြီး တစ်ယောက်ရဲ့ အကူအညီနဲ့ တွေ့ခဲ့တာ မျိုးပါ။

"ငါ့မှာ တိုက်ခန်းကျဉ်းကျဉ်းလေး နှစ်ခန်းအပိုရှိတယ်။ ငါက ပစ္စည်း အပိုတွေ ထည့်ထားရအောင် ဝယ်ထားတာပါ"

အဲဒီတိုက်ခန်းလေး နှစ်ခန်းကို အိမ်နီးချင်းအမျိုးသမီးကြီးက ပုံကြီးချဲ့ မိတ္တူပွားပြီး မိန်းကလေး တစ်ယောက်ကို မကြာမကြာ သွေးဆောင်ဖြားယောင်း ခဲ့ပြီးတဲ့နောက် သူနဲ့ လက်ထပ် ဖြစ်သွားခဲ့တာပါတဲ့။

တစ်ခါ တစ်ခါတော့ ဒီကောင်က ထထ ဖောက်တတ်တယ်။

"ငါတို့နိုင်ငံက တခြား နိုင်ငံလေးတွေကို အကူအညီတွေ သိပ်ပေးတယ်။ ဒါကို ကမ္ဘာက အထင်လွဲကြတာ။"

သူတို့ နိုင်ငံသားတွေ အတော်များများနဲ့ ကျွန်တော် တွဲခဲ့ဖူးပြီ။ ဒါပေမဲ့ ဒီလို ကိုယ့်နိုင်ငံအစိုးရကို ကိုယ် ပြန်လော်ဘီ လုပ်တဲ့ ကောင်မျိုးနဲ့ တွေ့တာ ဒါ ပထမဆုံးပါပဲ။

"မင်းတို့နိုင်ငံပဲ ကြည့်ကွာ၊ ကျောက်ဖြူ – ကူမင်း ရထားလမ်း ဆိုရင် မင်းတို့ နိုင်ငံကို တိုးတက်စေချင်လွန်းလို့ ဖောက်ခဲ့တာပဲ"

ဒီနေရာ အရောက်မှာတော့ ကျွန်တော် သည်းမခံနိုင်တော့ဘူး။ ပြန် ငြင်းတယ်။ သူကလည်း သူ့ အဆိုကို လုံးဝ ပြင်ဆင်ချက် မလုပ်ဘူး။ ကျွန်တော်က လည်း လက်မခံနိုင်ဘူး။ အဲဒီအချိန် Alarm တစ်ခု မလာမချင်း၊ ဒါမှမဟုတ် ဂျူတီချိန်

mgyoe.com

mgjoe.com

SAMPLE BOOK


အပြီး Log Book ရေးဖို့ ကျွန်တော် ကွန်ထရိုးခန်းထဲက မထွက်မချင်း အငြင်းအခုံ ဟာ ပြင်းထန် နေတတ်မြဲပဲ။

တစ်ခါတလေ ကျွန်တော့်ဘက်က ပိုပြင်းထန်လာရင် သူ့ဘက်က ပြန်လျှော့ချသွားတတ်တာမျိုး ရှိတတ်သေးတယ်။

"ငါက စ တာပါကွာ၊ မင်းက တကယ် စိတ်ဆိုးသွားတယ်"

ဆိုတာမျိုးပေါ့။ ဒါပေမဲ့ နောက်နေ့ အလုပ်ကလေး အားလို့ စကား စပ်မိတာနဲ့ ပြန်ငြင်းရတာပါပဲ။

♥

အဲဒီသင်္ဘောဟာ ရန်ကုန်ကို တစ်လ နှစ်ခေါက် ဒါမှမဟုတ် သုံးခေါက်လောက် ပြန်ဝင်တတ်ပါတယ်။ စင်ကာပူနဲ့ ရန်ကုန်ကိုပဲ ပုံမှန်လို ပြေးဆွဲတဲ့ သင်္ဘောလည်း ဖြစ်ပါတယ်။ တစ်ခါတလေမှ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားကို သွားတတ်ပါတယ်။ MMTM တို့လို ဂျက်တီတွေလည်း တည်ဆောက် ခါစ အခြေအနေမို့ သင်္ဘောကနေ ကမ်းဆင်းရတာ အဆင်ပြေ လွယ်ကူလာပါတယ်။

အဲ – တစ်ခေါက်သား သင်္ဘော ရန်ကုန်ကို ဝင်တော့ ကျွန်တော်နဲ့ မတည့် အတူနေရတဲ့ တရုတ် 3rd Engineer က ကမ်းဆင်းချင်တယ် ဖြစ်ပါရော။ ထူးဆန်းတာက ရန်ကုန်ကို အခေါက်ခေါက်အခါခါ သင်္ဘောဝင်နေပေမဲ့ ဒီကောင် တစ်ခါမှ ကမ်းမဆင်းပါဘူး။ မဆင်းချင်ဘူးလို့ပဲ အခါခါ ငြင်းဆန်တတ်ပါတယ်။ ကျွန်တော် ကမ်းဆင်းသွားရင်လည်း သူတစ်ယောက်တည်း ဂျူတီစောင့်ပြီး နေခဲ့ တတ်တယ်။ ဒါပေမဲ့ အဲဒီတစ်ခေါက်မှာတော့ သူ ကမ်းဆင်းချင်ပါတယ်တဲ့။

ဒီလိုနဲ့ အဲဒီနေ့ ညနေ ၄ နာရီလောက်မှာ ကျွန်တော်နဲ့ အတူလိုက်လာ ပါတယ်။ သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ တရုတ်ထမင်းချက် ( Chief Cook ) လည်း ပါပါတယ်။ သူ့ ကို တရုတ်တန်းမှာ ချပေးထားခဲ့ပြီး နောက်နေ့မှ သူ သင်္ဘောကို ပြန်လာမယ်လို့ ပြောပါတယ်။ ဒါ ကြောင့် ကျွန်တော်လည်း အဲဒီည မှာ သင်္ဘောကို ဂျူတီချိန်အမီ ပြန်ပြေးရတယ်။

နောက်တစ်နေ့ မနက် ၈ နာရီလောက်ကျတော့ သူ သင်္ဘောကို ပြန် ရောက် လာပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ စကားမပြောဖြစ်သေးပါဘူး။ မွန်းတည့် ၁၂ နာရီ ဂျူတီရောက်မှ ကွန်ထရိုးခန်းထဲ ပြန်တွေ့ကြတယ်။ ကျွန်တော်က ထုံးစံ

mgjoe.com

mgyoe.com SAMPLE BOOK

အတိုင်း ရန်ကုန်မှာ လည်ရပတ်ရတာ အခြေအနေ ကောင်းလားလို့ မေးတော့ ကောင်းတယ်လို့ ဖြေတယ်။ ပြီးတော့ တက္ကစီနဲ့ သူ့ကိုပါ ရန်ကုန်ထဲ ခေါ်သွားပေးလို့ ကျွန်တော့်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောတယ်။ ပြီးတော့ သူက ညက သူ့ဇာတ်လမ်း တစ်ပုဒ်ကို ပြန်ပြောပြပါတော့တယ်။ တကယ်တော့ သူ ရန်ကုန်မှာ ဘယ်နေရာကိုမှ လည်ခဲ့ပတ်ခဲ့တာမျိုး မလုပ်ခဲ့ဘူး။ သူဟာ ဟိုတယ် တစ်ခုရဲ့ အခန်းကျဉ်းလေးထဲမှာပဲ နာရီပေါင်းများစွာ လည်ပတ်ခဲ့တာပါပဲ။

သူက ကျွန်တော် ချပေးခဲ့တဲ့ တရုတ်တန်းက ဟိုတယ် တစ်ခုမှာပဲ အခန်းယူပြီး တည်းခဲ့တာ တဲ့။ ပြီးတော့ ညပိုင်း အဲဒီနားက နာမည်ကြီးဆိုင်ကြီး တစ်ဆိုင်မှာ ဘီယာသောက်ပြီး အဲဒီဆိုင်မှာပဲ တွေ့ခဲ့တဲ့ ကောင်မလေး တစ်ယောက်ကို မ ခဲ့တယ်တဲ့။

"ဈေးက ဒေါ်လာ ၉၀ တဲ့၊ ပထမတော့ ဒေါ်လာ ၁၀၀ လို့ ပြောတာ၊ ငါက ဈေးဆစ်တော့ ၉၀ ဖြစ်သွားတယ်။"

ဒီကောင် ဒါမျိုးကျတော့ ပိုက်ဆံထွက်သားပဲလို့ တွေးမိပြီး ကျွန်တော် ပြုံးမိသေးတယ်။

ဒါပေမဲ့ ကျွန်တော် ပြုံးတာ နည်းနည်း စောသွားပါတယ်။

သူ့ကို ဒီကောင် သဘောကျနေပြီ ဆိုတာ ရိပ်မိတဲ့ ကောင်မလေးက ဘောဂဗေဒထဲက ပုံသေနည်းတချို့နဲ့ တွက်ချက်ပြီး ဒီကောင့်လည်ပင်းကို ထပ်ညှစ်ပါတော့တယ်။

စောစောက ဒေါ်လာ ၉၀ နဲ့ ဈေးတည့်ခဲ့ပေမဲ့ ဟိုတယ်အခန်းထဲ ရောက်မှ ဒေါ်လာ ၂၀၀ ကို ဈေးခုန် တက်သွားပါလေရော။ သူတောင်းတဲ့ ဒေါ်လာ ၂၀၀ မရရင် ဟိုကောင်တောင်းတဲ့ အရာလည်း မရဘူးလို့ ပြန်အကြပ်ကိုင်တယ်။ ဒီလိုနဲ့ ဒီကောင့် အိတ်ကပ်ထဲက ဒေါ်လာ ၂၀၀ ဟာ ခုန်ထွက်သွားပါတော့တယ်။

ဒါပေမဲ့ ဒီကောင်က မနောမြောဘူး။ ဒီ့အတွက် ကောင်မလေးကိုလည်း အပြစ်မတင်ဘူး။ သူက ထပ်ပြောပါသေးတယ်။

"ကောင်မလေးက အက်ဂျူကိတ်တက်လေးကွ" တဲ့။

"ငါ့ကို ကျောင်းသားကတ်လေး ပြတယ်။ တက္ကသိုလ် ဒုတိယနှစ်"

ကျွန်တော် ဘာမှတ်ချက်မှ အထူးအထွေ မပေးတော့ဘဲ ခေါင်းပဲ ညိတ်မိတော့တယ်။ ပြီးမှ ဆက်မေးမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ကျောက်စိမ်းထည်တွေ မဝယ်ဘူးလား။ မင်းတို့တွေ ရန်ကုန် ရောက်ရင် ကျောက်စိမ်းထည်တွေ ဝယ်ကြတာ ထုံးစံလိုပဲ။ မင်းကော မင်းမိန်းမ အတွက် တစ်ခုခု မဝယ်ဘူးလား"

ကျွန်တော် ဒီလိုမေးတော့ ဒီကောင်လည်း ဝယ်ခဲ့တာပေါ့လို့ ပြောပြီး သူ့အိတ်ကပ်ထဲ အသင့် ထည့်ထားတဲ့ ကျောက်စိမ်းထည်လေး ထုတ်ပြပါတယ်။ ကြည့်လိုက်တော့ ကျောက်စိမ်းပုတီး လက်ပတ်ကြိုးလေး။ မြင်လိုက်တာနဲ့ ဈေးပေါတယ် ဆိုတာ ကျွန်တော့်လို ကျောက်စိမ်းအကြောင်း နားမလည်သူတောင် သိလိုက်ပါတယ်။

"ဘယ်လောက် ပေးရလဲ"

"ငါးဒေါ်လာ"

"ဟာ ... မင်းက ပြည့်တန်ဆာအတွက်တောင် တစ်ညတည်း ဒေါ်လာ နှစ်ရာ ပေးခဲ့ပြီးမှ ကိုယ့်မိန်းမအတွက်ကျတော့ ငါးဒေါ်လာတည်းလား"

ကျွန်တော် ဟန်မဆောင်နိုင်တော့ဘဲ ဒီကောင့်ကို ဟားတိုက် ရယ်ပါတော့တယ်။ ကြုံတုန်း နှိပ်ကွပ်တဲ့ သဘောလည်း ပါတာပေါ့။ ဒီကောင်ကတော့ အေးဆေးပါပဲ။ သိပ်အရေးမကြီးသလိုပဲ ပြန်ပြောတယ်။

"ပြဿနာ မရှိပါဘူး။ ဒါလည်း အမှတ်တရပစ္စည်းပဲ..."တဲ့။

♥

ကျွန်တော် မှတ်မိနေတာက အဲဒီကောင် အဲဒီသင်္ဘောပေါ် ရှိနေစဉ်အတွင်း ရန်ကုန်မှာ ကမ်းဆင်းတာ အဲဒါ ပထမဆုံး အကြိမ်ပဲ။ ပြီးတော့ နောက်ဆုံး အကြိမ်လည်း ဖြစ်သွားတယ်။ နောက်ထပ် ရန်ကုန်ကို သင်္ဘောဝင်ရင်လည်း ကမ်းဆင်းဦးမလား မေးရင် ခေါင်းတခါခါနဲ့ နိုးနိုးပဲ ပြန်ဖြေတော့တယ်။ ။

⚓

mgyoe.com

mgyoe.com SAMPLE BOOK

## သင်္ဘောသားပြောသော ပုံပြင်များ ( ၂ )

၂၀၁၈ – ၂၀၁၉ ခုနှစ်ရဲ့ နှစ်ကာလထဲမှာပဲ။

အဲဒီတုန်းက ကျွန်တော်က စင်ကာပူရဲ့ နာမည်ကြီး ကုမ္ပဏီ တစ်ခုမှာ လိုက်နေတာပါ။ အဲဒီ သင်္ဘောက သိပ်ကြီးတာ မဟုတ်ပါဘူး။ GRT 7000 လောက်ပဲ ရှိပါတယ်။ သိပ်အဝေးကြီးလည်း သွားတာ မဟုတ်ဘူး။ စင်ကာပူနဲ့ မလေးရှား ပီနန်ကိုပဲ လွန်းထိုးပြေးနေတာ။ လမ်းတစ်လျှောက်လုံးလည်း အင်တာနက်က သုံးလို့ရတယ်။ သင်္ဘောပေါ်မှာ မြန်မာတွေကလည်း အင်အားကောင်းတယ် ပြောရမှာပေ့ါ။ ကုန်းချုပ်၊ စက် ၃၊ အေဘီ နှစ်ယောက်၊ ဆီလောင်းက ကျွန်တော်အပါအဝင် နှစ်ယောက်နဲ့ ချက်ကြီး ... အားလုံးကို ရွှေတွေချည်းပါပဲ။ ရွှေများပေမဲ့ လူညီတော့ နေလို့ ကောင်းတယ်။ အယ်လ်ကိုဟော ဖိုးရိုးပေါ်လစီ ဆိုပေမဲ့ ရှုရှားသူကြီးက စပြီး သောက်တဲ့နေရာမှာ အားလုံးနီးပါးက တက်ညီလက်ညီ ။ မလေးရှား ပီနန်က ပြန်လာပြီဆို ပုဆိန်တံဆိပ် ဘရန်ဒီတွေ ပါလာပြီ။ ဘယ်နှပုလင်း ပါလာပါ လာ၊ စင်ကာပူ မရောက်ခင် အားလုံး အပြောင် ရှင်းပြီးသား ဖြစ်သွားတာပါပဲ။

mgyoe.com

mgyoe.com

ညညဆို ကျွန်တော်တို့ အခန်းမှာ ဂစ်တာဝိုင်း အမြဲလိုလို ရှိနေတတ်တယ်။ ကျွန်တော်နဲ့ တစ်ခန်းတည်း အတူနေရသူကလည်း မြန်မာအောဘီ ဆိုတော့ ကိုရွှေတွေ စုရပ်လုပ်ဖို့ အကောင်းဆုံး နေရာပေါ့။

အဲဒီသင်္ဘောမှာ ကျွန်တော်က စက် ၂ နဲ့ ဂျူတီအတူ ယူရတာမို့ ည ၇ နာရီခွဲရင် ဂျူတီ ထွက်ပြီ။ ဂျူတီထွက်ပြီးလို့ ကျွန်တော့် အခန်းကို ပြန်ပြီဆို မြန်မာအောဘီ တစ်ယောက်ရဲ့ အခန်းရှေ့က ဖြတ်သွားရတယ်။ သူက ၈ – ၁၂ ဂျူတီ သမား။ ဒါပေမဲ့ သူတို့က ၁၅ မိနစ် ကြိုချိန်းတာမို့ ကျွန်တော် ဂျူတီ ထွက်ချိန်ဆို သူ ဂျူတီ မဝင်ရသေးဘူး။ ကွန်ပျူတာရှေ့မှာ ဂိမ်းထိုင်ဆော့နေတုန်း။ ကျွန်တော်ကလည်း ဂျူတီထွက်လာရင် အခန်း တန်းမပြန်သေးဘဲ သူ့အခန်းမှာ ခဏဝင်ထိုင်တတ်တယ်။ အရင်သင်္ဘောတွေအကြောင်း၊ လက်ရှိသင်္ဘောပေါ်က အလုပ်တွေအကြောင်း၊ ရယ်စရာတွေအကြောင်း၊ ဒီနေ့ ထူးခြားချက်တွေအကြောင်း အပြန်အလှန် ပြောတတ်ကြတယ်။ သူ့မှာ နာမည် အပြည့်အစုံက ဇော်ထက်အောင် ဖြစ်ပေမဲ့ ကျွန်တော်တို့ကတော့ ဇော်ကြီးလို့ပဲ ခေါ်ကြပါတယ်။

တစ်ညနေ ကျွန်တော် ဂျူတီထွက်လာပြီး ထုံးစံအတိုင်း ဇော်ကြီး အခန်း ဝင်လိုက်တယ်။ အဲဒီညနေမှာတော့ သူက ကျွန်တော့်ကို နည်းနည်း ထူးဆန်းတဲ့ ကိစ္စတစ်ခု အကြောင်း ပြောပြပါတယ်။

"ကိုမိုးရေ.... လွန်ခဲ့တဲ့ တစ်လလောက်က ကောင်မလေး တစ်ယောက် ဖေ့စ်ဘွတ်ခ်မှာ ကျွန်တော့်ကို လာအက်တယ်ဗျ။ သူက မြန်မာ မဟုတ်ဘူးဗျ။ ဖားမလေး။ သိပ်တော့ မလှဘူး။ ကျွန်တော်လည်း သူ့ mutual friends ထဲမှာ ကျွန်တော့်တို့ လိုင်းက လူတွေ တော်တော်များများ တွေ့တာနဲ့ လက်ခံထား လိုက်တယ်"

"ဟုတ်လား"

ကျွန်တော်လည်း ဟုတ်လားလို့ပဲ ပြန်ပြောဖြစ်တယ်။ ( "ဖားမ" ဆိုတာ ဖိလစ်ပိုင်မလေးကို ပြောတာပါ။ သင်္ဘောသား လောကမှာတော့ ဗီယက်နမ်ကို "ဗျိုင်း"၊ ရုရှားဆို "ရကောက်" လို့ ခေါ်ကြသလိုမျိုး ဖိလစ်ပိုင် ဆိုရင်လည်း "ဖား" ပေါ့။) ဒါ ထူးဆန်းတဲ့ ကိစ္စမှ မဟုတ်ဘဲ။ ဒါပေ မဲ့ ဇော်ကြီး ကျွန်တော့်ကို ဒီအကြောင်း တကူးတက လာပြောနေတာကတော့ နည်းနည်း ထူး ဆန်းတယ်လို့ ထင်မိတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့စကားတွေ ထပ်ထွက်လာဖို့ နည်းနည်း လမ်းဖွင့်ပေး လိုက်တယ်။

mgyoe.com

"အဲဒါ ဘာဖြစ်လို့လဲ ... ပိုက်ဆံလှမ်းချေးလို့လား"

တစ်ခါတစ်ခါ နိုင်ငံခြားသား အကောင့်တွေနဲ့ စာအရှည်ကြီးတွေ ရေးပို့ပြီး ပိုက်ဆံချေးတတ်တာကို ကျွန်တော်က ၂ကြိမ်မက ကြုံဖူးထားတယ်။ ဒါကြောင့် ဖော်ကြီးဆီ ဖေ့စ်ဘွတ်ခ်မှာ လာမိတ်ဖွဲ့တဲ့ ဖားမလေးလည်း အဲဒီလိုပဲ ထင်လို့ မေးလိုက်တာပါ။ ဒါပေမဲ့ ဖော်ကြီးက ခေါင်းယမ်းပါတယ်။

"မဟုတ်ဘူး ကိုမိုး .... ဒီလိုဗျ .... ကောင်မလေးက ရှာပုံတော် ဖွင့်နေတာဗျ"

"ဘာ .... ဘာရှာပုံတော်လဲ"

ဒီတစ်ခါတော့ ကျွန်တော့်အတွက် နည်းနည်းထက် ပိုပြီး ထူးဆန်းသွားပြီ။ ဖော်ကြီးက ခေါင်းအသာအယာ ညိတ်လိုက်ပြီး ပြုံးနေတယ်။

"ဟုတ်တယ်ဗျ။ ရှာပုံတော် ဖွင့်နေတာ။ သူ့ရည်းစားက မြန်မာသဘော်သားတဲ့။ စင်ကာပူထဲက ဘန်ကာ ဘုတ်တစ်စီးမှာ လိုက်နေတာတဲ့"

ဟာ ။ ကျွန်တော် အံ့သြသွားတယ်။ ဆရာကြီးမင်းသိခ်ရဲ့ ဆားပုလင်းနှင်းမောင် ဝတ္ထုတွေထဲက အတိုင်း "အမှုက ထင်တာထက် ပိုနက်နဲလာပြီ အိုင်ဗိရေ" လို့ ပြောရမလိုပါပဲ။ အစကတော့ ဖေ့စ်ဘွတ်ခ်မှာ လာမိတ်ဖွဲ့တဲ့ ဖိလစ်ပိုင်မလေး။ အခုတော့ ရည်းစားပျောက်ကို ရှာတာ။ သူ့ရည်းစားကလည်း မြန်မာသဘော်သား ဆိုတော့ ...။

"အခု ကောင်မလေးမှာ ကိုယ်ဝန် ရှိနေပြီ တဲ့။ ကောင်မလေးမှာ ကိုယ်ဝန်ရှိမှန်းလည်း သိရော ဟိုကောင်က အဆက်အသွယ် မလုပ်တော့ဘူးတဲ့ဗျာ"

"ဟာ ... ဒီကောင် ... တောက် ..."

ကျွန်တော် တောက်တစ်ချက် ခပ်ပြင်းပြင်း ခတ်မိသွားတယ်။ ကိုယ့်မြန်မာမိန်းကလေးတွေကိုမှ မဟုတ်၊ မိန်းကလေးတွေကို ခြေတော်တင်ရုံကျော တဲ့ ကောင်တွေ၊ မိန်းကလေးတွေကို ရိုက်နှက်တဲ့ အတောင်နှစ်ဆယ်ဝတ် ဆိုတဲ့ ကောင်တွေကို ကျွန်တော့်မူလ သွေးထဲမှာကိုက ရွံပြီးသား။ အခုလည်း ကြည့် ....။ လက်မထပ်ရသေးဘဲ အတူနေတယ်။ အကာအကွယ် မသုံးဘူး။ အဲဒီနောက် ဖြစ်လာတဲ့ ပြဿနာကိုတော့ တာဝန်မယူဘဲ ရှောင်ပြေးသွားတယ်။

"ကောင်မလေးက အခု မြန်မာသဘော်သားတွေကို လိုက်မိတ်ဖွဲ့ပြီး သူ့ရည်းစားကို လိုက်စုံစမ်းနေတာ။ ကျွန်တော်လည်း မသိတော့ မသိဘူးပဲ ပြောလိုက်တာပေါ့။ ဒါပေမဲ့ သူက ဆက်ပြောသေးတယ်။ သူ ဒီကလေးကို ဖျက်မချဘူး တဲ့။ မွေးဖြစ်အောင် မွေးမှာ တဲ့"

mgyoe.com

mgyoe.com

ဒါဟာ မိခင်စိတ်လား။ မိခင်စိတ် ဆိုတာ ဒါလား။ အရပ်တစ်ပါး ရေမြေခြားမှာ အလုပ်လာလုပ်ရင်း တိုင်းတစ်ပါးသားနဲ့ ရတဲ့ ရင်သွေးကို single mother ဘဝနဲ့ မွေးဖြစ်အောင် မွေးမယ်တဲ့လား။ ကျွန်တော် မမြင်ဖူးတဲ့ ဖားမလေးကို ကျွန်တော့်အတွေးထဲကပဲ ဦးညွတ်မိခဲ့ပါတယ်။

( ၂ )

နောက်ထပ် တစ်လလောက်ကြာတော့ ကျွန်တော် ဖော်ကြီးအခန်းကို ရောက်ရင်း သူ ပြောဖူးတဲ့ ဖားမလေးကို သွားသတိရတာနဲ့ မေးမိတယ်။

"ဟေ့ကောင် ... မင်း ဖားမလေးကော .... အဆက်အသွယ် ရှိသေးလား"

ကျွန်တော် မေးတော့ ဖော်ကြီးက ဘွိုင်လာဆု လဲနေရင်း သူ့ထုံးစံအတိုင်း ပြုံးစေ့စေ့နဲ့ ပြန်ကြည့်တယ်။

"ရှိတယ် ကိုမိုး... ဒါပေမဲ့ သူ့ ဟိုကောင့်အကြောင်းတော့ ထပ်မမေးတော့ပါဘူး။ အဲ ... တစ်ခုပဲ သူ့ဖေ့စ်ဘွတ်ခ်မှာ သူ့ကိုယ်ဝန်ကို အာထရာဆောင်း ရိုက်ထားတဲ့ ဓာတ်ပုံတွေ တင်တင်နေတယ်ဗျ"

"ဟာ ... ဟုတ်လား"

ဒီကောင်မလေး တော်တော်ရဲတာပဲလို့ ကျွန်တော့်စိတ်ထဲက ထင်လိုက်မိတယ်။ ငါတို့ မြန်မာမလေး တစ်ယောက် သူ့နေရာမှာဆို ဘာလုပ်မှာပါလိမ့်လို့လည်း တွေးမိတယ်။

"အို မေမေ့သားလေးရယ်... မြန်မြန်လာပါတော့ မစောင့်နိုင်တော့ဘူး ဘာညာပေါ့ဗျာ စာတွေနဲ့လည်း တွဲတွဲတင်တယ်ဗျ"

ဒါလည်း မိခင်စိတ်ပဲလား။ ကိုယ့်ရင်သွေးနဲ့ ပတ်သက်လာရင် လောကကြီးကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်တဲ့၊ ရင်ဆိုင်ရဲတဲ့ သတ္တိဟာ မိခင်တွေမှာပဲ အများဆုံး တွေ့တတ်ကြပါတယ်။ ပြီးတော့ ရိုးသား ပွင့်လင်းစိတ်ပေါ့။ သူ့လက်ရှိ အခြေအနေကို သူကိုယ်တိုင် လက်ခံထားရုံမကဘဲ၊ သူ့ပတ်ဝန်းကျင်ကိုပါ ကြေညာရဲတဲ့ သတ္တိ။ ဒီသတ္တိတွေဟာ သူ့သားအိမ်ထဲမှာ ကွေးကွေးလေး ထည့်လွယ်ထားရတဲ့ သူ့ရင်သွေးကလေးဆီက ရတဲ့ သတ္တိတွေပဲလို့ ကျွန်တော် ယူဆမိတယ်။ ပြောရမယ်ဆို ဒီလို သတ္တိမျိုးရှိတဲ့ လူသားတွေ ကမ္ဘာမှာ သိပ်မရှိနိုင်ပါဘူး။ ရှိတော့ ရှိတယ်၊ ရှားတယ် ဆိုတဲ့ လူသားတွေပေါ့။

mgyoe.com

mgyee.com

SAMPLE BOOK


ဒီလိုနဲ့ ကျွန်တော်လည်း ဖားမလေး အကြောင်းကို တစ်ခါတလေ သတိရမိတာကလွဲလို့ အထူးတလည် မတွေးဖြစ်တော့သလို ဖော်ကြီးကိုလည်း ထပ်မမေးဖြစ်တော့ပါဘူး။ ဒီလိုနဲ့ပဲ နောက်ထပ် လအနည်းငယ် ထပ်ကြာသွားခဲ့တယ်ပေါ့။

(၃)

တစ်ရက်တော့ ဖော်ကြီးက ကျွန်တော့်ကို ကလေးနီတာရဲ ဓာတ်ပုံတစ်ပုံ ပြလာပါတယ်။

"ကိုမိုးရေ ... ဟိုကောင်မလေး မွေးပြီတဲ့ဗျ"

ဒီပုံတွေက သူ့မက်ဆင်ဂျာထဲကို ကောင်မလေးက လှမ်းပို့ပေးထားတဲ့ ပုံတွေပါပဲ။ တကယ်ဆို သူ့ရင်သွေးရဲ့ ဖခင်ကိုပဲ သူပြမယ့် ပုံတွေပေါ့။ သူ့ချစ်သူနဲ့အတူ ပုခက်ထဲ အိပ်ပျော်နေတဲ့ နီတာရဲ ကလေးလေးကို တစိမ့်စိမ့်ကြည့်နေကြရင်း အနာဂတ် နေ့ရက်တွေအတွက် အားမွေးနေရမယ့် အချိန်တွေပေါ့။ အခုတော့ သူ့ကို စွန့်ပစ်သွားတဲ့ ချစ်သူရဲ့ လူမျိုးတူ၊ နိုင်ငံသားတူ၊ အလုပ်တူတဲ့ တခြား ယောကျ်ားတစ်ယောက်ကိုသာ ဓာတ်ပုံလေးတွေ လှမ်းလှမ်းပြနေရတဲ့ ကောင်မလေး လေ။

"သူက မေးတယ်။ မြန်မာတွေ ကလေးတွေကို ဘယ်လို နာမည်မျိုးတွေ ပေးတတ်ကြသလဲ တဲ့။ သူ့သားလေးကို မြန်မာနာမည် ပေးချင်လို့တဲ့"

ဒါတော့ ဒီဖားမလေး အစွဲအလမ်း ကြီးတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် အချစ်ကြီးတာလည်း ဖြစ်မှာပါ။ ကိုယ့်ကို ကိုယ်လေး လက်ဝန် ရှိလာမှ တာဝန်မယူဘဲ ရှောင်ပြေးသွားတဲ့ လူ့ဗာလ တစ်ယောက်အပေါ် ဒီလောက်အထိ အစွဲအလမ်း ကြီးနေတာကို သိရတော့ မိန်းကလေးတချို့ဟာ ငါတို့တွေထက် ပိုပြီး အစွဲအလမ်း ကြီးတတ်ကြလေသလားလို့ သံသယ ဖြစ်ရတယ်။

"ကျွန်တော်လည်း ပြန်ပြောပြလိုက်ပါတယ်၊ မြန်မာတွေ သားယောကျ်ားလေး မွေးရင် ဘယ်လို နာမည်တွေ ပေးတတ်ကြသလဲ ဆိုတာနဲ့ ပတ်သက်ပြီးပေါ့"

ဖော်ကြီးက ကျွန်တော့်ကို သူလုပ်ခဲ့တာနဲ့ ပတ်သက်ပြီး ပြန်ပြောပြတယ်။ ရုပ်ရည်လည်း သိပ်မလှတဲ့၊ နိုင်ငံခြားသူ ရွှေပြောင်း အလုပ်သမားမလေး

mgyee.com

mgyoe.com

SAMPLE BOOK


single mother တစ်ယောက်အပေါ် ဇော်ကြီးရဲ့ တုန့်ပြန်မှုက နွေးနွေးထွေးထွေး ရှိတာမို့ကျွန်တော် ဘေးကနေ ကြည်နူးရတယ်။ တစ်ခါတစ်ခါ လိင်ကိစ္စနဲ့ ရောထွေးနေတဲ့၊ ရမ္မက်နဲ့ ဖျော်စပ်ထားတဲ့ အချစ်တံဆိပ်ကပ် ဆက်ဆံရေးတွေနဲ့ယှဉ်ရင် ရေသန့်သန့် တစ်ခွက်နဲ့ တူတဲ့ ဆက်ဆံရေးဟာ ပိုကြည်နူးစရာ ကောင်းပါတယ်။

နောက်နေ့ကျတော့ ဇော်ကြီးက ကျွန်တော့်ကို ပြန်ပြောပြတယ်။

"ကိုမိုးရေ... ကောင်မလေးက သူ့သားလေးကို နာမည်ပေးလိုက်ပြီဗျ၊ မြန်မာနာမည်ပဲ"

"ဟုတ်လား"

"ဘယ်နာမည် ပေးလိုက်တယ် ထင်လဲ"

ကျွန်တော်က မြန်မာနာမည် တစ်ခုခုကို ဇော်ကြီး ပြောလိုက်မယ် ထင်ထားတာ။ ဒါပေမဲ့ ဇော်ကြီးက ကျွန်တော့်ကို မေးခွန်းတစ်ခု ထပ်မေးလိုက်တယ်။ ကျွန်တော် ထင်မှတ်မထားလို့ ကြောင်အမ်းအမ်း ဖြစ်သွားတယ်။

"ဟင် ... ဘယ်နာမည် ပေးလို့လဲ"

ကျွန်တော်က မေးတော့ ဇော်ကြီးက ရယ်တယ်။ ပြီးတော့ သူ့ရယ်သံတွေကို အဆုံးသတ်လိုက်တယ်။

"ကျွန်တော့်နာမည် ပေးလိုက်တာ၊ ဇော်ထက်အောင် တဲ့။ အဲဒီလို ကျွန်တော့်နာမည် ပေးလိုက်လို့လည်း သူကို ခွင့်လွှတ်ဖို့ တောင်းပန်သေးတယ်။ ကျွန်တော်ကလည်း ရပါတယ်လို့ ပြန်ပြောလိုက်တယ်"

ရုတ်တရက်တော့ ကျွန်တော်လည်း ရယ်ချလိုက်မိတယ်။ ပြီးမှ ဒါ ရယ်စရာမှ မဟုတ်တာလို့ တွေးမိပြီး ဆက်မရယ် ဖြစ်တော့ဘူး။ သူ့နာမည် ပေးလိုက်တာကို ရှောရှောရှူရှူ ခွင့်ပြု ခွင့်လွှတ်ခဲ့တဲ့ ဇော်ကြီးကိုလည်း ချီးကျူးမိလိုက်ပါရဲ့။ ပြီးတော့ မြန်မာယောက်ျားနဲ့ ရတဲ့ ရင်သွေးကို မြန်မာ နာမည်လေး တစ်ခု ပေးဖြစ်အောင် ပေးလိုက်တဲ့ ကျွန်တော် မမြင်ဖူးခဲ့တဲ့ ဖားမလေးကိုလည်း သဘောကျမိသွားတယ်။

တကယ်တော့ သူ့သားလေးရဲ့ မြန်မာနာမည်ဟာ ဖားမလေး အတွက်တော့ နာမည်တစ်ခု ဆိုတာထက် ပိုမိုတဲ့ အဓိပ္ပာယ်နဲ့ တန်ဖိုး တစ်စုံတစ်ရာ ရှိနေလိမ့်မယ် ဆိုတာ သံသယ ဖြစ်စရာ မရှိပါဘူး။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## သင်္ဘောသားပြောသော ပုံပြင်များ ( ၃ )

၂၀၁၅ ခုနှစ်ကပေါ့။ ကျွန်တော် စင်ကာပူ ကုမ္ပဏီတစ်ခုရဲ့ လောင်စာဆီတင် သင်္ဘော တစ်စီးမှာ တာဝန် ထမ်းဆောင်နေစဉ်ကပါ။ ပထမ ကိုရီးယား ကပ္ပတိန် ပြန်သွားပြီး ကပ္ပတိန် အသစ်တစ်ယောက် ရောက်လာပါတယ်။ ကနေဒါနိုင်ငံသား တဲ့။ သူ့နာမည်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါ ဘူး။ ဒါပေမဲ့ သူ့ရုပ်လက္ခဏာ သွင်ပြင်ကိုတော့ မှတ်မိနေပါတယ်။ အသက် ၅၀ ကျော်၊ အရပ်ရှည်ရှည်၊ ကိုယ်ခန္ဓာ ကျစ်ကျစ်လျစ်လျစ်၊ ရွှေရောင်မုတ်ဆိတ်မွေးတွေကို ခပ်တိုတို တိတိရိရိ ဖြတ်ထား တယ်။ ဂျင်းဘောင်းဘီရှည်ကို အမြဲလိုလို ဝတ်ထားပြီး စမတ်ကျကျ နေတတ်ပါ တယ်။ ထူးခြားချက်ကတော့ သူဟာ ငါ သူကြီးပဲဆိုတဲ့ စိတ်နဲ့ အာဏာပြတတ်တဲ့၊ နေရာယူချင်တဲ့၊ အလေးစား အရိုသေခံချင်တဲ့ သူကြီးမျိုးတော့ မဟုတ်ပါဘူး။

ဥပမာ သူ ထမင်းစားပြီးရင် စားပွဲပေါ် ဒီအတိုင်း ထားခဲ့တာမျိုး၊ Galley Boy ကို လာယူခိုင်းတာမျိုး မလုပ်တတ်ပါဘူး။ သူ့ဘာသာ ဘေစင်ထဲ လာထား သွားတတ်တယ်။ အစည်းအဝေးတွေ ဘာတွေ လုပ်ပြီ ဆိုလည်း ဟန်ကျပန်ကျ

mgyoe.com

mgjoe.com

ထိုင်ပြီး စကားအပိုတွေ ပြောနေတာမျိုး မလုပ်ဘဲ အရေးကြီးတဲ့ လိုရင်းကိုသာ ပြောသွားတတ်တယ်။ (တရုတ်သူကြီးတစ်ယောက်ဆို မကြာခဏ အစည်းအဝေး လုပ်တတ်ပြီး တစ်ခါ စည်းဝေးရင် ၂ နာရီ အမြဲ ကြာတတ်ပါတယ်)

တကယ်တော့ သူဟာ ကနေဒါနိုင်ငံသားပေမဲ့ ကနေဒါလူမျိုး မဟုတ်ပါဘူး။ ရုရှားလူမျိုးပါ။ ကနေဒါသူနဲ့ အိမ်ထောင်ကျပြီး ကနေဒါနိုင်ငံသား ခံယူထားသူ။ သူ အင်္ဂလိပ်စကားပြောရင် ဧရုတ်သီး စပ်သလိုမျိုး တရှူးရှူး တရှဲရှဲနဲ့ ခပ်မြန်မြန် ပြောတတ်တယ်။ တစ်ခါတလေ မနည်းအာရုံစိုက် နားထောင်ရတတ်တယ်။ သူ သင်္ဘော အင်တာကွန်းကနေ တစ်ခုခု ကြေညာရင် ရုတ်တရက် ဘာပြော သွားတယ် ဆိုတာ အတော်များများ နားမလည်တတ်ကြဘူး။

ပြောရရင် သူနဲ့ ကျွန်တော် လာဆုံတာ ဒါ ဒုတိယ အကြိမ်မြောက်ပဲ။ ပထမ ဆုံခဲ့တာက ၂၀၁၂ ခုနှစ်မှာ။ အဲဒီတုန်းကတော့ ၃ လလောက်ပဲ။ ကုမ္ပဏီရဲ့ လိုအပ်ချက်အရ ကျွန်တော့်ကို သင်္ဘော ပြောင်းပေးလိုက်တာ။

၂၀၁၅ ခုနှစ် ကျွန်တော် သင်္ဘောပေါ်မှာ ရှိနေတုန်း သူ ရောက်လာတော့ ကျွန်တော် သူ့ကို ချက်ချင်း မှတ်မိသလို သူလည်း ကျွန်တော့်ကို မှတ်မိသွားတယ်။ ဒါပေမဲ့ သူ နည်းနည်း ပိုဝ လာတယ်။

ထားပါတော့။ တကယ်တမ်း ကျွန်တော် ပြောချင်တာက အဲဒီ ကပ္ပတိန်နဲ့ အတူ သင်္ဘောပေါ်ကို ရောက်လာတဲ့ တရုတ်ထမင်းချက် အကြောင်းပါပဲ။ ပြဿနာတွေကို စတင် ဖန်တီးခဲ့တာက အဲဒီ တရုတ်ချက်ကြီးပဲ မဟုတ်လား။

အသက် ၄၀ ကျော်ကျော်လောက် ရှိမဲ့ အဲဒီ တရုတ်ချက်ကြီးဟာ တခြား တရုတ်တွေနဲ့ မတူဘဲ အသားနီစပ်စပ် ဖြစ်နေတယ်။ ဆံပင်ကို ဘေးနှစ်ဖက်က အပြောင်နီးပါ ရိတ်ထားပြီး ဘဲမြီးသာသာ ဆံပင်ပုံစံနဲ့။ လူပုံစံက ဂင်တိုတိုနဲ့ လမ်းလျှောက်ရင် လက်နှစ်ဖက်ကို လိုအပ်တာထက် ပိုကားထားတတ်လေ့ ရှိတယ်၊ စကားပြောရင် အသံ ပြာတာတာနဲ့။ ထူးခြားတာက သင်္ဘောပေါ်မှာ တရုတ်လူမျိုး ၇၀ ရာခိုင်နှုန်းလောက် ရှိပေမဲ့ အဲဒီ တရုတ်ချက်ကြီးကိုတော့ တခြား တရုတ်တွေက စကားဟဟ ပြောတာ မတွေ့ဖူးဘူး ဆိုတဲ့ အချက်ပါပဲ။

အရင်ချက်ကြီးက အင်ဒိုနီးရှား လူမျိုးပါ။ သူက စနေနေ့တိုင်း ပဲဟင်း ချက်ပေးလေ့ ရှိပါတယ်။ ချက်ရင်လည်း စေတနာပါပါနဲ့ တကယ် စားကောင်းတဲ့ လက်ရာမျိုးပါပဲ။ တစ်ခါတလေ ပုဇွန်တွေ ထည့်ချက်တတ်ပြီး တစ်ခါတလေတော့ ကြက်သား ထည့်ချက်တတ်ပါတယ်။ အဲဒီ အင်ဒိုနီးရှား ချက်ကြီး ပြန်သွားတော့

mgjoe.com

အခု တရုတ်ချက်ကြီး ရောက်လာတာပါပဲ။ သူတို့ ချက်ကြီး အချင်းချင်း Hand Over လုပ်သွားပုံရပါတယ်။ နောက်လာတဲ့ တရုတ်ချက်ကြီးကလည်း စနေနေ့တိုင်း ပဲဟင်း တစ်ခွက် တစ်ခွက် ချက်ပေးပါတယ်။ ဘယ်သူတွေ အတွက်ရယ်တော့ မဟုတ်ပါဘူး။ ပဲဟင်းကတော့ ကြိုက်တတ်တဲ့ တရုတ်လည်း စားတာပါပဲ။ ကျွန်တော်တို့ မြန်မာတွေလည်း စားတာပါပဲ။

ဒါပေမဲ့ မကြာခင်မှာပဲ တရုတ်ချက်ကြီးရဲ့ ပဲဟင်းကို ဘယ်သူမှ မစားရဲတော့ပါဘူး။ ပဲဟင်းဆို မျက်စိမှိတ် ကြိုက်တတ်တဲ့ ကျွန်တော်တို့ မြန်မာတွေလည်း မစားတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာ 2nd Cook ဆီကနေ ချက်ကြီး သတင်းတွေ ရလိုက်လို့ပါပဲ။ ဒီကောင် အမှိုက်ပုံးထဲက အမဲသားပြားတွေ ပြန်ကောက်၊ ရေဆေးပြီး ရေခဲသေတ္တာထဲ ပြန်ထည့်ထားတယ်တဲ့။ တစ်ပတ်တစ်ခါ ချက်ပေးတဲ့ ပဲဟင်းထဲမှာ ထည့်တဲ့ ကြက်သားဟာလည်း အသစ်ချက်တာ မဟုတ်တော့ဘဲ အရင့်အရင် နေ့တွေကတည်းက မကုန်တဲ့ ကြက်သားဟင်းတွေကို ရေခဲသေတ္တာထဲ သိမ်းထားပြီး ပြန်ပြန် ချက်နေတာတဲ့။ တရုတ်ချက်ကြီးရဲ့ သတင်းဟာ သင်္ဘောသားတွေကြား အလျှင်အမြန်ပဲ ပျံ့နှံ့သွားပါတယ်။ တရုတ်တွေတောင် သူတို့လူမျိုး ချက်ကြီး အကြောင်းကို အကောင်း လုံး၀ မပြောတော့ပါဘူး။

လူတစ်ယောက်ကို ချစ်ဖို့ အကောင်းမြင်စိတ် ဝင်ဖို့ အချိန် ဘယ်လောက်ကြာကြာ လိုအပ်မယ် ဆိုတာ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ကို မုန်းတီးဖို့တော့ အချိန်များများစားစား မလိုအပ်ဘူး ဆိုတာ ကျွန်တော် သိသွားပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ မြန်မာ လေးယောက်လည်း တိုင်ပင်ပြီး သူချက်တဲ့ ပဲဟင်းကို မစားကြတော့ပါဘူး။ လုံး၀ကို မတို့ကြတော့တာပါ။ ပဲဟင်းဆို အသေကြိုက်တဲ့ ကျွန်တော်တို့ဟာ ပဲဟင်းအိုး အဖုံးတောင် ဖွင့်မကြည့်ကြတော့တဲ့ အထိ ဝေးဝေးကပဲ နေကြရတော့တယ်။ ကျွန်တော်တို့ ချက်ကြီးကို မယုံကြတော့ဘူး။ အမှိုက်ပုံးထဲ ပို့နေလို့ သွန်ပစ်လိုက်တဲ့ အသားတွေကို ရေပြန်ဆေး၊ အဲဒီ အသားတွေ ပြန်သုံးတဲ့အထိ လုပ်တာကိုတော့ ကျွန်တော်တို့ ဘယ်လိုမှ လက်ခံလို့ မရတော့ပါဘူး။

သူချက်တဲ့ ပဲဟင်းတွေ အရာမယွင်းဘဲ ကျန်နေတဲ့အခါ ချက်ကြီးက ရေခဲသေတ္တာထဲ ဒီအတိုင်း ပြန်ထည့်ပြီး နောက်တစ်နေ့ ပြန်နွေးပြီး ပြန်ချပေး

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ထပ်မထိတော့ပါဘူး။ ( တကယ်တော့ သူချက်တဲ့ ဟင်းဆို ပဲဟင်းမှ မဟုတ်ပါဘူး၊ တခြား ဟင်းတွေကိုလည်း မသေရုံတမည်လောက် စားကြတာပါ။ )

ဒီတော့ ချက်ကြီးဟာ ကျွန်တော်တို့ ရွှေ လေးယောက်အပေါ် မြားဦး လှည့်လာပါတော့တယ်။

တစ်နေ့ ကျွန်တော်တို့ နေ့လယ်စာ စားနေကြတုန်း ချက်ကြီးက အနား ရောက်လာတယ်။

"မင်းတို့ ပဲဟင်း ဘာလို့ မစားကြတာလဲ"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားကြ တယ်။ ပြီးမှ ပြီးပြီးပျောက်ပျောက် ဖြစ်စေမဲ့ စကားမျိုး ရွေးလိုက်ကြပါတယ်။

"ဘာမှ မဖြစ်ပါဘူး။ မစားချင်လို့ပါ"

သူ့မေးခွန်းကို မြန်မြန် အဆုံးသတ် ပေးလိုက်ပေမဲ့ တရုတ်ချက်ကြီးက မပြီးပါဘူး။ မေးခွန်းအသစ် ထပ်လာပါတယ်။

"ဘာလို့ မစားချင်တာလဲ၊ ဒါ မင်းတို့ မြန်မာတွေအတွက် ချက်ထား တာလေ"

သူက ကျွန်တော်တို့အပေါ်ကို ပုံမှန် သိချင်ရုံ မေးတာမျိုး မဟုတ်တော့ဘဲ တရားခံတွေကို အပေါ်စီးက စစ်ဆေးနေသလိုမျိုး ပြုကျင့်နေပြီ ဆိုတာ ကျွန်တော် တို့ သဘောပေါက်လိုက်ကြပါတယ်။ ပြီးတော့ အခုမှ မင်းတို့ မြန်မာတွေအတွက် တဲ့၊ ဒါဆို ကျွန်တော်တို့ မြန်မာတွေ အတွက်မို့ မကုန်တဲ့ အသားဟင်းတွေနဲ့ ပြန် ချက်ပေးထားသလို အဓိပ္ပာယ်ကို ကျွန်တော်တို့ တွေးမိလိုက်ကြတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ခပ်ပြတ်ပြတ်ပဲ ထပ်ပြောလိုက်ကြပါတယ်။

"မစားချင်လို့ မစားတာ"

အဲဒီနေ့က ချက်ကြီး တစ်ယောက် မကျေမနပ်နဲ့ ပြန်လှည့်သွားသလို ကျွန်တော်တို့ကလည်း မကျေမနပ်နဲ့ ကျန်ရစ်ခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ကျွန်တော်တို့ မြန်မာ လေးယောက်က ချက်ကြီး အမှိုက်ပုံး ထဲက အသားဖက်တွေ ပြန်ကောက်ပြီး ရေဆေးတဲ့ ကိစ္စနဲ့ ရက်ကြာနေတဲ့ ဟင်းတွေကို ပြန်ပြန်ချက်နေတဲ့ ကိစ္စအတွက် သူကြီးဆီ တိုင်ဖို့ စီစဉ်ကြပါ တော့တယ်။ (ဒီအချိန် ပြန်စဉ်းစားတော့ ဒါဟာ တိုင်စာရေးဖို့ လုံလောက်တဲ့ ကိစ္စ ဟုတ်၊ မဟုတ် ဇဝေဇဝါ ခံစားရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က ငါတို့မြန်မာ

mgyoe.com

mgyoe.com

တွေကို ဒီကောင် စော်ကားတယ် ဆိုတဲ့ ခံစားချက်က ပြင်းထန်နေခဲ့တာတော့ အမှန်ပါပဲ။) တိုင်ကြဖို့ စီစဉ်တဲ့အခါ ချက်ကြီးလက်အောက်က 2nd cook ကို အခြေအနေအရ ချန်ထားခဲ့တာမို့ မြန်မာ သုံးယောက်ပဲ ဖြစ်သွားပါတယ်။ အောဘီ နှစ်ယောက်နဲ့ ဆီလောင်း တစ်ယောက်ပေါ့။

ကျွန်တော်တို့ အခန်းတွေတိုင်းမှာ Complain Procedure Form ဆိုတာ ရှိပါတယ်။ သင်္ဘောပေါ် အဆင်မပြေမှု တစ်စုံတစ်ရာ ရှိခဲ့ရင် ကပ္ပတိန်က တစ်ဆင့် တိုင်ကြားလို့ ရတဲ့ ပုံစံစာရွက်ပါပဲ။ ကျွန်တော်တို့ သင်္ဘောသားဘဝမှာ အသုံးပြုရ လိမ့်မယ်လို့ လုံးဝ ကြိုမတွေးခဲ့မိတဲ့ စာရွက်တွေပေါ့။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ တော့ ကျွန်တော်တို့ သုံးယောက် ဒီပုံစံ စာရွက်တွေမှာ ချက်ကြီးနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ မကျေနပ်ချက်တွေထဲက အများနဲ့ဆိုင်တဲ့ အချက်တွေကိုပဲ ချရေး ခဲ့ကြပါတယ်။ အမှိုက်ပုံးတွေထဲက အသားဖတ်တွေကို ပြန်ကောက်ယူပြီး ပြန်အသုံးပြုတာနဲ့ ရက်အတော်ကြာကြာက မကုန်ခမ်းတဲ့ ဟင်းတွေကို နောက် တစ်ကြိမ် ပြန်ချက်ပြုတ်နေတာ စတဲ့ အချက်တွေကို ရေးခဲ့ကြတယ်။ ဒီတိုင်စာ ဟာ သူကြီးကတဆင့် ကုမ္ပဏီကို ရောက်သွားပါလိမ့်မယ်။

တိုတိုပြောရရင် အဲဒီည ၈ နာရီလောက်မှာပဲ ဂျော်ဂျီယာ Chief Officer က သူကြီးက ခေါ်နေတဲ့အကြောင်း လာပြောတာနဲ့ ကျွန်တော်တို့ သုံးယောက် သူကြီးအခန်းကို သွားကြပါတယ်။ ကျွန်တော်တို့ တိုင်လိုက်တဲ့ တိုင်စာနဲ့ ပတ်သက်ပြီး ခေါ်တယ် ဆိုတာ ကျွန်တော်တို့ သိပါတယ်။ သူကြီး အခန်းကို ရောက်တော့ ကျွန်တော်တို့အရင် ရောက်နှင့်နေတဲ့ တရုတ်ချက်ကြီးကို မမျှော်လင့် ဘဲ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ ထင်တာက ကျွန်တော်တို့ကိုပဲ ခေါ်တွေ့ပြီး တိုင်စာနဲ့ ပတ်သက်လို့ သူသိချင်တာတွေ ထပ်မေးလိမ့်မယ်လို့ ထင်ထားတာပါ။ အခုတော့ တရားခံချက်ကြီးက သူကြီးအခန်းထဲ အရင်ရောက်နှင့်နေပြီ။ အခုတော့ ဒီကောင့်မျက်နှာက ကိုင်ရိုက်ခံထားရတဲ့ မျောက်သေ မျက်နှာလေးနဲ့။

ကျွန်တော်တို့ ထိုင်ပြီးတာနဲ့ သူကြီးက သူ ကျွန်တော်တို့ရဲ့ Complaint Procedure Form တွေကို လက်ခံရရှိတဲ့ အကြောင်း ပြောတယ်။ ပြီးတာနဲ့ ....။

"မလတ်ဆတ်တဲ့ အစား ဆိုတာ ဘာကို ဆိုလိုတာလဲ"

ဖြန်းခနဲ မေးချလိုက်တဲ့ သူကြီးမေးခွန်းကြောင့် ကျွန်တော်တို့ ကြက်သေ သေသွားကြပါတယ်။ ကျွန်တော်တို့ ထင်ထားတာက ချက်ကြီးကို ကျွန်တော်တို့ တိုင်စာတွေ ပြပြီး မေးခွန်း ထုတ်လိမ့်မယ်ပေါ့။ အခုတော့ သူမေးခွန်းထုတ်တာက

mgyoe.com

mgyoe.com SAMPLE BOOK

တရားခံချက်ကြီးကို မဟုတ်ဘဲ တရားလိုတွေကို ပြန်မေးနေတာ။ ကျွန်တော်တို့ အံ့သြပြီး ဘာမှ ပြန်မဖြေနိုင်ခင်မှာပဲ သူကြီးက ဆက်ပြောတယ်။

"ငါ့အိမ်မှာလည်း ဒီလိုပဲ၊ ဒီနေ့ မကုန်တဲ့ အစားအစာတွေကို ရေခဲသေတ္တာထဲ ထည့်ထား၊ နောက်နေ့ ပြန်နွှေးစားတာပဲ။ ဒါ ပုံမှန်ပဲ။ ဒါ ငါတို့ လုပ်နေကျပဲ။ အဲဒါ ဘာလို့ မလတ်ဆတ်ဘူးလို့ ပြောတာလဲ"

ကျွန်တော်တို့ နောက်ထပ် အံ့သြမှုတွေကို လက်ခံလိုက်ရပြန်တယ်။ သူပြောတဲ့ အထဲမှာ ကျွန်တော်တို့ ရေးထားတဲ့ အမှိုက်ပုံးထဲ စွန့်ပစ်ပြီးသား အသားဖတ်တွေကို ပြန်ကောက်ပြီး ပြန်ချက်တာတွေ မပါဘူး။ ကျွန်တော်တို့ စွပ်စွဲချက်တွေကို ချေဖျက်ဖို့ တရုတ်ချက်ကြီးဘက်က ရှေ့နေတစ်ယောက်လို သူ အလုပ်လုပ်နေတာပါလား။

ဒါပေမဲ့ အဲဒီရှေ့နေကြီးဟာ ပြောကောင်းကောင်းနဲ့ ပြောနေရင်း စကားတစ်ခွန်း အမှားပါသွားတယ်။

"ပြီးတော့ ဒီအစားအသောက်တွေဟာ မင်းတို့ မြန်မာတွေအတွက်ပဲ သီးသန့် ချက်တာ မဟုတ် ဘူး။ အားလုံးစားဖို့ ချက်တာ။ အားလုံး စားနေကြတာပဲ။ ငါလည်း စားနေတာပဲ။ တကယ်လို့ မင်းတို့ မြန်မာတွေ အတွက် သီးသန့်ချက်ပြီး ဒီလိုလုပ်တယ် ဆိုရင်တော့ စဉ်းစားရမှာပေါ့"

အဲဒီမှာ ကျွန်တော် စကားဝင်ပြောဖို့ အခွင့်အရေး ရသွားပါတယ်။

"မဟုတ်ဘူး။ သူကိုယ်တိုင် ငါတို့ မြန်မာတွေ စားဖို့ချက်တာလို့ ပြောတယ်၊ မင်း မေးကြည့်လို့ ရပါတယ်"

"ဟင် ဟုတ်လား"

အဲဒီတော့မှ သူကြီးရဲ့ မြားဦးဟာ ချက်ကြီးဆီ ရောက်သွားပါတော့တယ်။

ဒါပေမဲ့ အဲဒီတိုင်စာဟာ ကုမ္ပဏီကို ရောက်မသွားပါဘူး။ ကပ္ပတိန်က ကျွန်တော်တို့ ကျေနပ်အောင် ဖြေရှင်းပေးမယ်၊ သူ ဖြေရှင်းပေးတာကို လက်ခံနိုင်မလားတဲ့။ ကျွန်တော်တို့ကလည်း ကပ္ပတိန် အာမခံရင် ရပါတယ်လို့ ပြန်ပြောလိုက်ကြတယ်။

အဲဒီနောက်တော့ ချက်ကြီး အချိုး ပြေသွားပါတယ်။ ပဲဟင်း မချက်တော့ပေမဲ့ ကျွန်တော်တို့ ဝမ်းမနည်းတော့ပါဘူး။ သူ့ရဲ့ အဲဒီ သဘောပေါ် လူနည်းစု ဖြစ်နေတဲ့ ကျွန်တော်တို့ မြန်မာတွေကို ဖိဖိနှိပ်နှိပ်လေး လုပ်ချင်တဲ့ စိတ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ အကောင်းဆုံး ပြန်တုန့်ပြန်နိုင်ခဲ့တယ်လို့ ဒီနေ့အထိ ယုံကြည်မိပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မထင်မှတ်ဘဲ ရလိုက်တဲ့ သင်ခန်းစာတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကနေဒါ ကပ္ပတိန်နဲ့ ပတ်သက်တဲ့ အချက်ပါပဲ။ ကျွန်တော်တို့က ကိုယ်မှန်တယ်လို့ ယုံကြည်ပြီးတဲ့နောက် ကိုယ်တွေ အထင်ကြီးတဲ့ ကပ္ပတိန်ဟာ ကျွန်တော်တို့ဘက်မှာ ရှိနေမယ်လို့ မှားယွင်းစွာ ယုံကြည်ခဲ့မိတယ်။ အနည်းဆုံး တရားသူကြီး တစ်ယောက်လို ဆက်ဆံလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ တကယ်တမ်းမှာတော့ ကိုယ်တွေ တင်မြှောက်ထားတဲ့ တရားသူကြီးကိုယ်တိုင်က ကိုယ်တွေရဲ့ ဆန့်ကျင်ဘက် လူအတွက် ရှေ့နေတောင် ဖြစ်နေပါသေးတယ်။ ဒါဟာ ကျွန်တော်တို့ မထင်မှတ်ဘဲ ရလိုက်တဲ့ သင်ခန်းစာပါပဲ။

⚓

mgyoe.com

mgyoe.com SAMPLE BOOK

## သဘော်သားပြောသော ပုံပြင်များ ( ၄ )

လွန်ခဲ့တဲ့ လက ဂျပန်မှာ နေတဲ့ ကျွန်တော့်မိတ်ဆွေ မောင်ချမ်း (ခရမ်းပြာ) က သူဖြတ်သန်း ခဲ့ရတဲ့ သဘော်သားလောက တဏှေအတွေ့အကြုံတွေကို ဖေ့စ်ဘွတ်ခ်မှာ ရေးခဲ့ပါတယ်။ ကျွန်တော့် စိတ်ထင် အနည်းဆုံး ငါးပုဒ်လောက် ရှိပါမယ်။

သူဖြတ်သန်းခဲ့ရတဲ့သဘော်သားလောကက ကျွန်တော့်ထက် ဆယ်စုနှစ်တစ်ခုနီးပါး စောပါတယ်။ သူ ကြုံခဲ့ရတဲ့ တဏှေအတွေ့အကြုံ ဇာတ်လမ်းတွေကလည်း တကယ့်ကို ထူးထူးဆန်းဆန်းတွေ ပါပဲ။ တချို့ အကြောင်းအရာတွေကို ဖတ်ရင်း ငါသာ သူ့နေရာမှာ ဆိုရင် တောင့်ခံနိုင်မှာ မဟုတ်ဘူးလို့ တွေးမိတဲ့အထိပေါ့။

သဘော်တဏှေတို့၊ တဏှေသဘော်တို့ ဆိုတာ ကျွန်တော် ငယ်ငယ်ကသိပ် စိတ်ဝင်စားပါတယ်။ တဏှေ သရဲ ဇာတ်လမ်းတွေ ဆိုတာကလည်း ကိုယ်တွေ့သာ မကြုံချင်တာ၊ သူများ အတွေ့အကြုံတွေကိုတော့ နားထောင်လို့ အရသာသိပ်ရှိပါတယ်။ မကြုံချင်တဲ့ ဇာတ်လမ်း ဆိုပေမဲ့ ကျွန်တော် စီးခဲ့ဖူးတဲ့ သဘော်ပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

မှာ အဖြစ်အပျက် တစ်ခု တိတ်တဆိတ် ဖြစ်သွားခဲ့တာကို ဒီနေ့အထိ မေ့မရသေးပါဘူး။

၂၀၁၅ ခုနှစ်က စီးခဲ့တဲ့ လောင်စာဆီတင် သင်္ဘောမှာပါပဲ။ GRT ၄၂၀၁၀ ရှိပါတယ်။ များသောအားဖြင့် အရှေ့အလယ်ပိုင်းနဲ့ စင်ကာပူ ပြေးဆွဲပါတယ်။ တစ်ခါတလေ ထိုင်ဝမ်ဘက်ကို သွားရပါတယ်။

အဲဒီ သင်္ဘောက ကျွန်တော် ရောက်သွားတော့ ပြေးဆွဲနေတာမျိုး မလုပ်ဘဲ Storage သင်္ဘော လုပ်နေပါတယ်။ စင်ကာပူ WOPL မှာ အထိုင် ချထားပါတယ်။ တချို့ သင်္ဘောတွေက ကျွန်တော်တို့ သင်္ဘောဆီ ဆီလာချပါတယ်။ တချို့သင်္ဘောတွေကိုတော့ ကျွန်တော်တို့ သင်္ဘောက ဆီပြန်ပေးရပါတယ်။ တစ်ခါတလေ စင်ကာပူထဲက ဆိပ်ကမ်းတွေထဲ ဝင်ပြီး ကုန်တင်ကုန်ချ လုပ်ရပါတယ်။ ခရီးဝေး သွားရတယ် ဆိုတာ မရှိပါဘူး။ အဲဒါ ကျွန်တော် စာချုပ်ပြည့်လို့ ပြန်လာခါနီးအထိ အဲဒီလိုပဲ ရှိနေခဲ့ပါတယ်။

ဒါပေမဲ့ တစ်ခါတလေတော့ ကုန်တင်ကုန်ချ လုံးဝ မရှိဘဲ ရက်သတ္တပတ်အထိ အေးအေးဆေးဆေး ဖြစ်နေတတ်ပြန်ပါတယ်။ အဲဒီလို အချိန်တွေမှာတော့ ကျွန်တော်တို့ တစ်တွေလည်း သာသာယာယာပါပဲ။ ကျွန်တော်က 3rd Engineer နဲ့ ဂျူတီယူရတာမို့ ညပိုင်း ၁၂ – ၄ ဂျူတီဆို Poop Deck ပေါ် တစ်ယောက်တစ်လှည့် အင်တာနက် တက်သုံးနေကြတာက များပါတယ်။ အေဘီတွေလည်း အေးဆေးပါ။

ဒီနေရာမှာ ကြိုပြောပြထား ချင်တာက ကျွန်တော်တို့ ကုမ္ပဏီရဲ့ Crew Change တဲ့ နေရာမှာ လုပ်လေ့ရှိတဲ့ စနစ်တစ်ခုကို ပါပဲ။ အဲဒါကတော့ Floating Hotel လို့ ကျွန်တော်တို့ နာမည်ပြောင် ပေးထားကြတဲ့ စနစ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကုမ္ပဏီက သင်္ဘောသားတစ်ယောက်ယောက် ( အရာရှိ/ ရိုးရိုး သင်္ဘောသား မရွေး) အိမ်ပြန်မယ်၊ သူ့သင်္ဘောကလည်း ခရီးထွက်စရာရှိတယ် ဆိုရင်ကျွန်တော်တို့သင်္ဘောလို WOPLမှာအထိုင်ချထားတဲ့သင်္ဘောတစ်စီးစီးပေါ် အရင် ပို့ထားလိုက်တာပါပဲ။ အဲဒီ သင်္ဘောမှာ ရှိတဲ့ Suez Crew Cabin လို အရန်ထားတဲ့ အခန်းတွေနဲ့ Gym Room တွေထဲ မွေ့ယာတွေ ချပြီး ယာယီနေရာ လုပ်ပေးထား ပါတယ်။ တစ်ခါတလေဆို နေရာမလောက်လို့ တီဗီကြည့်တဲ့ အခန်းတွေထဲ အထိ သွားနေရတာမျိုးတွေ ရှိတတ်ပါတယ်။ အဲ – သင်္ဘော လာတက်တဲ့ သင်္ဘောသားတွေ သူတို့ တက်ရမဲ့ သင်္ဘော စင်ကာပူ မရောက်လာသေးဘူး

mgyoe.com

ဆိုရင်လည်း အဲဒီလို အထိုင်ချထားတဲ့ သင်္ဘောကြီးတွေပေါ် ယာယီ နေခိုင်းထား လိုက်တာပါပဲ။ သူ့တက်ရမဲ့ သင်္ဘောဝင်လာတဲ့ အခါမှ ပြန်ပြောင်း ရပါတယ်။ ဒါဟာ ကျွန်တော်တို့ ရေပေါ်ဟိုတယ်လို့ နာမည်ပြောင်ပေးထားတဲ့ ကျွန်တော်တို့ ကုမ္ပဏီရဲ့ စနစ် တစ်ခုပေါ့။

ဒီတော့ စင်ကာပူ WOPL မှာ အထိုင်ချထားတဲ့ ကျွန်တော်တို့ သင်္ဘော ပေါ်ကိုလည်း အဲဒီလို ယာယီနေရမဲ့ သင်္ဘောသား လူမျိုးစုံ ရောက်ရောက် လာတတ်ပါတယ်။ တရုတ်၊ အင်ဒိုနီးရှား၊ ဂျော်ဂျီယာ၊ ရုရှား၊ မြန်မာ စသဖြင့်ပေါ့။ တချို့က အိမ်ပြန်ဖို့အတွက် ခဏရောက်လာ ကြပြီး တချို့ကတော့ သင်္ဘောပေါ် တက်ဖို့အတွက် သူတို့သင်္ဘော စင်ကာပူ အဝင်ကို စောင့်ရင်း ရောက်လာကြတာ ပါ။ တချို့ဆို ရက်ပေါင်းများစွာ ကြာတဲ့အထိ နေသွားကြရပါတယ်။

♥

ကျွန်တော် အဲဒီ သင်္ဘောပေါ်မှာ ရှိနေတုန်း ကျွန်တော်တို့ သင်္ဘော ကျောက်ချ ထားတဲ့ စင်ကာပူ WOPL မှာ မတော်တဆ လူသေမှု တစ်ခု ဖြစ်သွားခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ တခြားသင်္ဘော တစ်စီးပေါ်မှာပါ။ အဲဒီ သင်္ဘောက စင်ကာပူနဲ့ ရန်ကုန်ပြေးနေတဲ့ သင်္ဘောပါပဲ။

အဲဒီ သင်္ဘောက ကျွန်တော်တို့ သင်္ဘောလို အထိုင် ချထားတဲ့ တခြား storage သင်္ဘောကြီး တစ်စီးကနေဆီ ယူပြီး ပြန်ထွက်တာပါ။ အချိန်က မနက် ၄ နာရီနဲ့ ၅ နာရီ ဝန်းကျင်။ သင်္ဘောချင်း ပြန်ခွာနေချိန်၊ အဲဒီ သင်္ဘောရဲ့ တရုတ်လူမျိုး ကုန်း ၂ ( 2nd Officer ) တစ်ယောက် သင်္ဘောနောက်ပိုင်းမှာ စစ်ဆေးကြည့်ရင်း သူ့သင်္ဘော ကြိုးရစ်စက်က ရစ်တင်လိုက်တဲ့ ကြိုးနဲ့ မတော်တဆ ထိခိုက်မိပြီး ပင်လယ်ထဲ ပြုတ်ကျ သွားခဲ့ပါတယ်။ သူ့ကို အသည်းအသန် ချက်ချင်း ရှာဖွေကြ ပေမဲ့ မတွေ့ရတော့ပါဘူး။ နှစ်ရက်ကြာမှ သူ့အလောင်း ပြန်တွေ့တယ်လို့ သတင်း ကြားရပါတယ်။

အဲဒီ သတင်းဟာ ကျွန်တော်တို့ ကုမ္ပဏီမှာ အကြီးအကျယ် ပျံ့နှံ့သွား ပါတယ်။ ဒီလို အဖြစ်မျိုးတွေ ထပ်မဖြစ်ဖို့ ကျွန်တော်တို့ သင်္ဘောတွေကိုလည်း စာတွေလည်း ပို့၊ ရုံးက လူတွေလည်း ရောက်လာပြီး အစည်းအဝေးလုပ်၊ လူသေမှု ဖြစ်ခဲ့တဲ့ သင်္ဘောက စီစီတီဗီ မှတ်တမ်းကိုပါ ပြန်ပြပါတယ်။

mgyoe.com

ဘာပဲဖြစ်ဖြစ် သင်္ဘောသား တစ်ယောက်ကတော့ အသက် ဆုံးရှုံးသွားခဲ့ပါပြီ။ ကလေးတချို့ ဖခင်မဲ့သွားခဲ့ရပြီး ဇနီးတစ်ယောက်ဟာ ခင်ပွန်း တစ်ယောက်ကို ဆုံးရှုံး သွားခဲ့ရပါပြီ။ သေချာတာကတော့ သင်္ဘောသား တစ်ယောက်ဟာ သူ့နိုင်ငံက သူ့အိမ်ကို ပြန်မရောက်တော့ဘူး ဆိုတာပါပဲ။

▼

တစ်ညသားပေါ့။ ပြောရရင် ဘာကုန်တင် ကုန်ချမှ မရှိဘဲ သင်္ဘော တစ်စီးလုံး သာသာယာယာ အေးအေးချမ်းချမ်း ရှိနေတဲ့ညတစ်ညပေါ့။ ည ၁၂ - ၄ ဂျူတီကျတဲ့ ကျွန်တော်တို့လည်း အေးအေးဆေးဆေးပါပဲ။ ကျွန်တော်က တရုတ် 3rd Engineer နဲ့ အလှည့်ကျ အင်တာနက် သုံးဖို့ သင်္ဘောရဲ့ Poop Deck ကို တက်လာခဲ့ပါတယ်။ အဲဒီ အချိန်က မနက် ၁ နာရီဝန်းကျင် ရှိပါပြီ။

ကျွန်တော် တက်လာတော့ ဝေါ်ကီတော်ကီလေး လွယ်ပြီး လူနေခန်း အဝင်ဝက ဘန်ကာ ပိုက်လိုင်းကြီးပေါ် ထိုင်နေတဲ့ အေဘီ ကိုပေါ်ကို တွေ့ရပါတယ်။ ဖုန်းသုံးနေတာမျိုးတော့ မဟုတ်။

"ဟ...ဘာလုပ်နေတာလဲ...အင်တာနက်မသုံးဘူးလား...လိုင်းမကောင်းဘူးလား"

ကျွန်တော်က မေးမေးပြောပြော လျှောက်လာတော့ ကိုပေါ်က ခေါင်းယမ်းပြပါတယ်။

"မဟုတ်ဘူး အစ်ကို ... ကျွန်တော် ခေါင်းကိုက်နေလို့"

ကျွန်တော်တို့လည်း ဘာမှ ဆက်မပြော ဖြစ်တော့ဘူး။ ကျွန်တော်က ခေါက်ဆွဲပြုတ်စားဖို့ Mess Room ထဲ ဝင်သွားပြီး ကိုပေါ်က ပိုက်လိုင်းပေါ် ထိုင်လျက်နဲ့ပဲ ကျန်ခဲ့တယ်။ ခေါက်ဆွဲပြုတ် စားပြီးတော့ ကျွန်တော်အပြင် ပြန်ထွက်လာတယ်။ ကိုပေါ်က ပိုက်လိုင်းပေါ် ထိုင်လျက်က ကျွန်တော့်ကို မြင်တော့ တစ်ခု ပြောတယ်။

"အစ်ကို အင်တာနက် သုံးဦးမှာလား ... ကျွန်တော် Suez Cabin ထဲ ခဏ ဝင်လှဲလိုက်ဦးမယ်ဗျာ၊ ခေါင်းအရမ်း ကိုက်လာလို့"

Suez Cabin ဆိုတာ Poop Deck ရဲ့ ညာဘက်ခြမ်းမှာ ရှိတဲ့ တံခါးဝကနေ ဝင်ဝင်ချင်း အခန်းပါပဲ။ အဲဒီ အခန်းထဲမှာမှ နှစ်ထပ်အိပ်စင်နဲ့ ခုတင် နှစ်လုံး

mgyoe.com

mgyoe.com

နဲ့ စားပွဲတစ်လုံး ရှိပါတယ်။ အဲဒီရက်တွေက ကျွန်တော်တို့ သင်္ဘောမှာ ယာယီ လာနေတဲ့ သင်္ဘောသား ဧည့်သည်တွေလည်း မရှိပါဘူး။ ဒီတော့ ယာယီ သင်္ဘောသားတွေကို ထားတတ်တဲ့ Suez Cabin လည်း လွတ်နေပါတယ်။ ဒါကြောင့်လည်း ကိုပေါ်က အကြောင်းရှိရင် သူ ဝင်လို့ထွက်လို့ လွယ်တဲ့ ဒီအခန်းထဲ ခဏဝင်လှဲဖို့ တွေးတာပါ။

"အေး အေး"

ကျွန်တော်လည်း ဒါပဲ ပြန်ပြောပြီး ဖုန်းဆက်သုံးနေ လိုက်ပါတယ်။

ကျွန်တော့်အထင် မိနစ် ၂၀ လောက်ပဲ ကြာပါဦးမယ်၊ Suez Cabin ထဲ ခေါင်းကိုက်လို့ ဝင်လှဲလိုက်ဦးမယ် ဆိုပြီး ဝင်သွားတဲ့ ကိုပေါ် ပြန်ထွက်လာတယ်။

"ဟ ... ဘယ်လိုဖြစ်တာတုံး ... မြန်လှချည်လား ... ခေါင်းကိုက် ပျောက်သွားလို့လား"

"မဟုတ်ဘူး အစ်ကို"

မဟုတ်ဘူး အစ်ကိုလို့ ပြန်ပြောတဲ့ ကိုပေါ့် မျက်နှာက အူလည်လည် ဖြစ်နေတယ်။ တစ်ခုခုကို ဝေခွဲမရ ဖြစ်နေသလိုမျိုး။ ပြီးတော့ ကျွန်တော့်ကို လည်း တစ်ခုခု ပြန်ပြောပြချင်နေသလိုမျိုး။

"ဘာဖြစ်လို့လဲ"

ကိုပေါ် တစ်ခုခု ဖြစ်ခဲ့ပြီ ဆိုတာ ကျွန်တော် ရိပ်စားမိလိုက်ပြီလေ။

"ကျွန်တော် Suez အခန်းထဲ ဝင်လှဲလိုက်တာ မှေးခနဲ အိပ်ပျော် သွားတယ်ဗျာ။ အဲဒီမှာ ခဏလေး အိပ်ပျော်နေတုန်း အိပ်မက်လိုလို မက်တယ်ဗျ၊ လူတစ်ယောက် Baggage အိတ် ဆွဲပြီး အခန်းထဲ ဝင်လာတာ။ ကျွန်တော် သူ့ကို မြင်နေတာဗျ"

"ဟင်"

ကျွန်တော်လည်း "ဟင်" ဆိုပြီး ကြောင်သွားတော့တယ်။

"သူက ဘွိုင်လာဆု အဖြူရောင် ဝတ်ထားတာဗျ၊ ပြီးတော့ သူက တရုတ်"

"ဟာ ... ဟိုတစ်လောက ရေထဲကျ သေသွားတဲ့ တရုတ်ကုန်း ၂ အိမ် ပြန်ဖို့ ရောက်လာတာလား မသိဘူး"

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။ လူလည်း ကြက်သီး မွေးညင်းတွေ ထောင်ထ လာတယ်။

mgyoe.com

mgyoe.com
 SAMPLE BOOK 

"ဟုတ်တယ်ဗျ... ကျွန်တော်လည်း အဲဒီလို ထင်တယ်"

ကိုပေါ်ကလည်း အီလည်လည် ပြန်ပြောတယ်။ ပြီးတော့ ကျွန်တော်တို့ ခပ်ဖွဖွ ရယ်လိုက်ကြတယ်။ ပြီးတော့ ကျွန်တော်တို့ ဆက်မရယ်ဖြစ်ကြတော့ဘူး။ အိမ်ပြန် မရောက်နိုင်တော့တဲ့ တရုတ်လူမျိုး ကုန်း ၂ အကြောင်းကို တွေးလိုက်မိလို့ပါပဲ။ လွန်ခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်ကပဲ ရေထဲကျပြီး သေသွားခဲ့တဲ့ လူတစ်ယောက်ဟာ သူ့အိမ်ကို ပြန်ဖို့ ကြိုးစားခဲ့လေသလား။ သူ့ လေယာဉ် လက်မှတ်ကို စောင့်ရင်း ကျွန်တော်တို့ သင်္ဘောမှာ ယာယီလာနေဖို့ အမှန်တကယ် ရောက်လာခဲ့လေသလား။ ကျွန်တော်တို့ အတိအကျ မသိခဲ့ပါဘူး။ ။

⚓

mgyoe.com

mgyoe.com SAMPLE BOOK

## သဘော်သားပြောသော ပုံပြင်များ ( ၅ )

ကျွန်တော့် သဘော်သား ဘဝမှာ ကုမ္ပဏီ သုံးခုမှာ အလုပ် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး ကုမ္ပဏီဖြစ်တဲ့ စင်ကာပူကုမ္ပဏီ တစ်ခုတည်း မှာပဲ ကုမ္ပဏီ ပျက်သွားတဲ့ အထိ ၁၀ နှစ် ကျော်လောက် အလုပ်လုပ်ခဲ့တာမို့ ပြန်ပြောစရာတွေ၊ အတွေ့အကြုံတွေ ဆိုတာကလည်း အဲဒီ ကုမ္ပဏီက သင်္ဘောတွေ အကြောင်းပဲ အများဆုံး ဖြစ်နေခဲ့ပါတယ်။

ဒီ အကြောင်းတွေကို ပြန်ပြောရာမှာ ခုနှစ်အစဉ်လိုက် မဟုတ်ဘဲ စိတ်ထဲ ပေါ်လာရင် ပေါ်လာသလို မှတ်မိနေတဲ့ အကြောင်းအရာတွေ ဖြစ်နေတတ်ပါတယ်။

♥

ပြီးခဲ့တဲ့ အပတ်က တရုတ်ထမင်းချက် တစ်ယောက်အကြောင်း မှတ်မိနေတာလေးတွေ ပြန်ပြောဖြစ်တော့ လုပ်ဖော်ကိုင်ဖက် တချို့နဲ့ စကားပြန်ပြော ဖြစ်ခဲ့

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ပါတယ်။ အဲဒီလို ပြောရင်း ၂၀၁၂ ခုနှစ်က သင်္ဘောတစ်စီးပေါ်မှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက် တစ်ခုကို ပြန်သတိရမိသွားရဲ့။

အဲဒီ သင်္ဘောမှာက အဲဒီ ကုမ္ပဏီရဲ့ ထုံးစံအတိုင်း တရုတ်နိုင်ငံသားတွေ အများစု ရှိနေ ကြပါ တယ်။ ကျွန်တော် ရောက်မသွားခင်က အောဘီ တစ်ယောက် နဲ့ ဓာတ်ကြိုးကြီး ( Electrician ) တစ်ယောက်ပဲ ရှိနှင့်တယ်။ ကျွန်တော် ရောက်သွား တော့ Oiler တစ်ယောက် တိုးသွားတာပေ့ါ။ နောက်ထပ် လအနည်းငယ်ကြာ တော့ မြန်မာထမင်းချက် ( Chief Cook ) တစ်ယောက်နဲ့ အောဘီ တစ်ယောက် ထပ်ရောက်လာပါတယ်။

ကျွန်တော်တို့ လိုင်းမှာ မြန်မာထမင်းချက် ဆိုတာ ရှားမှရှားပါ။ တရုတ် ထမင်းချက် တွေနဲ့ အင်ဒိုနီးရှားထမင်းချက် တွေပဲ များပါတယ်။ ကျွန်တော် အဲဒီ ကုမ္ပဏီမှာ ၁၀ နှစ်ကျော် လိုက်ခဲ့တဲ့ သက်တမ်းအတွင်း မြန်မာထမင်းချက် ၂ ယောက်ပဲ ဆုံခဲ့ ဖူးပါတယ်။

ဒီလို အချိန်မှာ ကိုရွှေချက်ကြီး ကျွန်တော်တို့ သင်္ဘောကို ရောက်လာ တော့ သိပ်ဝမ်းသာရတယ်။ သူကလည်း ဟင်းချက်ကောင်း။ ညနေဆို ဂျူတီသမား တွေအတွက် ညလယ်စာ တစ်ခုခု လုပ်ပြီး ထမင်းစားခန်းထဲ အဆင်သင့် ထုတ်ပေး ထားလေ့ ရှိတယ်။ တရုတ်တွေကလည်း သူ့လက်ရာကို ကြိုက်ကြတယ်။ အသက် ကတော့ အဲဒီ အချိန်က ၃၃ ဝန်းကျင်လောက် ရှိမှာပါ။ ကိုယ်လုံး ပြည့်ပြည့်၊ အရပ်ခပ်ပျပ်ပျပ်နဲ့။ ကျွန်တော်တို့ကတော့ ကိုချက်လို့ပဲ ချစ်စနိုး ခေါ်ကြတယ်။

မကြာခင်မှာပဲ ကျွန်တော်တို့ သင်္ဘောမှာ စက်ချုပ် ( Chief Engineer) အပြောင်းအလဲ လုပ်တယ်။ မူလ တရုတ်စက်ချုပ် စာချုပ်ပြည့်လို့ ပြန်သွားပြီး နောက် ဂျော်ဂျီယာ စက်ချုပ် တစ်ယောက် ရောက်လာခဲ့တာပါပဲ။ သူ့နာမည် အပြည့်အစုံကို မမှတ်မိတော့ပေမဲ့ ဒေးဗစ် ဆိုတာကိုတော့ မှတ်မိနေပါတယ်။ ၆ ပေကျော်လောက် ရှိမဲ့ အရပ်ကြီးနဲ့ အသက် ၅၀ ကျော်အရွယ် ထောင်ထောင် မောင်းမောင်း သူ့ခန္ဓာကိုယ်ကြီးဟာ အနားယူထားတာ ကြာနေပြီဖြစ်တဲ့ မအောင် မြင်ခဲ့တဲ့ လက်ဝှေ့သမားအိုကြီးနဲ့ တူတယ်။ လမ်းသွားရင် လည်ကုပ်သားကြီးတွေ အဆီအစ်နေတဲ့ ပခုံးပိုင်းကို ကိုင်းကိုင်း ကိုင်းကိုင်းနဲ့ သွားတတ်တယ်။

မှတ်မိနေသေးတယ်။ စက်ချုပ် ဒေးဗစ် သင်္ဘောပေါ် ရောက်လာစ ပထမ ရက်မှာတုန်းက ညစ်ပတ်ပေရေနေတဲ့ဘွိုင်လာဆုအဖြူအဟောင်းကြီးကိုဝတ်ပြီး အင်ဂျင်ခန်းထဲ ဆင်းလာတာကိုပါပဲ။ သူ ဘာစိတ်ကူးနဲ့ ဒီလောက် စုတ်ပြတ်

mgyoe.com

mgoe.com

SAMPLE BOOK


ပေရေနေတဲ့ ဘွိုင်လာဆုကြီး ကောက်ဝတ်လာမှန်း မသိကြပေမဲ့ ကျွန်တော်တို့ သူ့ကွယ်ရာမှာ ရယ်မောခဲ့ကြတယ်။

စက်ချုပ်ဒေးဗစ် သင်္ဘောပေါ် စရောက်ပြီး ရက်သတ္တပတ် အနည်းငယ် အကြာမှာပဲ သူ့အရည်အချင်းတွေ သိသိသာသာ ထင်ရှားလာခဲ့တာပါပဲ။

အဲဒီနေ့က ဩစတေးလျကိုသွားနေရင်း လမ်းမှာ အင်ဂျင် ( Main Engine) ပျက်တာနဲ့ တရုတ်စက် ၂ ဦးဆောင်ပြီး ကျွန်တော်တို့ ဝိုင်းပြင်နေကြတယ်။ ပြင်ရင်းပြင်ရင်း၊ အပြစ်ရှာရင်း အပြစ်ရှာရင်းနဲ့ 2 Stroke အင်ဂျင်ကြီးရဲ့ ယူနစ် တစ်ခုက ဆလင်ဒါဟတ်ဒ်ကို ဖြုတ်ကြရတယ်။ Dayman အဖွဲ့နဲ့ ကျွန်တော်တို့ စလင်ဒါဟတ်ဒ်ကို ဖြုတ်ဖို့ လိုအပ်တဲ့ ပိုက်လိုင်းအဆက်တွေ၊ လိုအပ်တဲ့ Bolt and Nuts တွေကို ဖြုတ်ပြီး မိန်းအင်ဂျင် အထက်မှာ တင်ထားတဲ့ ရိမုတ်ကရိန်းကို ချလို့ ဆလင်ဒါဟတ်မှာ ချိတ်တွေနဲ့ အင်ဂျင်ခန်းကရိန်းမှာ တွဲပြီး အဆင်သင့် ဆိုင်းထားလိုက်တယ်။ ပြီးတာနဲ့ ကျွန်တော်တို့ ကွန်ထရိုးခန်းထဲ ဝင်လာပြီး ကော်ဖီ သောက်ကြ၊ ရေသောက်ကြ၊ ဖြုတ်ဖို့အဆင်သင့်ဖြစ်နေတဲ့ အင်ဂျင်ကြီးအကြောင်း ပြောကြနဲ့ ဆူညံပွက်နေကြတာပေါ့။

အဲဒီအချိန်မှာပဲ ကွန်ထရိုးခန်းထဲ လူပိုကြီး တစ်ယောက်လို ထိုင်နေ ရတဲ့ စက်ချုပ်ဒေးဗစ်က ငါ ဆိုတာ အင်ဂျင်ခန်းမှာ အကြီးဆုံး၊ ငါ ဝင်ဆုံးဖြတ်မှ ဖြစ်မယ်ဆိုပြီး ...၊

"ဒီမှာ စက် ၂ ... ငါ တစ်ခု ပြောမယ်နော်"

စက်ချုပ် ဒေးဗစ် စကားကြောင့် ကွိစိကွစ စကားများနေကြတဲ့ တရုတ် တွေ ငြိမ်ကျသွားတယ်။ စက်ချုပ်ကြီးရဲ့ ညွှန်ကြားချက်ဟာ ဘာများ ဖြစ်လေမှာ လဲလို့ နားစိုက်ထောင်လိုက်ကြတယ်။

"မင်းတို့ ဆလင်ဒါဟတ်ဒ်ကို မ တဲ့အခါ အပေါ်ကို တည့်တည့်မ, ပါ"

စက်ချုပ် စကားဆုံးတော့ အားလုံး ခဏတော့ ကြောင်နေကြသေးတယ်၊ ပြီးမှ တရုတ်စက် ၂ က "ဟာ ...ဆလင်ဒါဟတ်ဒ် မ, ပါတယ် ဆိုမှ အပေါ်တည့်တည့် မ ရမှာပေါ့ကွ။ အဲဒါတော့ မင်း ပြောမှလား" ဆိုပြီး ထ အော်ပါလေရော။ အဲဒီ ကတည်းက စက်ချုပ်ကြီး ဒေးဗစ်အကြောင်း အားလုံး သိသွားကြပါတော့တယ်။

ဒါတင်ပဲလား ဆိုတော့ မကသေးပါဘူး။ အင်ဂျင် ကွန်ထရိုးခန်းမှာ စက်ချုပ်တွေရဲ့ Night Order Book ရှိပါတယ်။ ( နောက်တစ်နေ့အတွက် လုပ်ရမဲ့ အလုပ်တွေနဲ့ သတိထားရမှာတွေ ဘာတွေကို စက်ချုပ်က ရေးထားပြီး

mgoe.com

အင်ဂျင်ခန်းထဲက အင်ဂျင်နီယာတွေ အကုန် လက်မှတ်ထိုးရပါတယ်။ ) အဲဒီစာအုပ်မှာလည်း ဒေးဗစ်ဟာ ပြန်သွားတဲ့ တရုတ်စက်ချုပ် ရေးသွားခဲ့တဲ့ Night Order တွေအတိုင်း ရက်စွဲလေးတွေ ပြောင်းပြီး မူလတန်းသာသာ အင်္ဂလိပ်စာလက်ရေးနဲ့ ၏၊ သည်မလွဲ ကူးရေးထားတာပါပဲ။

ဒီလိုနဲ့ လနည်းနည်း ကြာလာတော့ သဘော်ပေါ်က စနေ၊ တနင်္ဂနွေနဲ့ ညပိုင်းတွေမှာ ကစားကြတဲ့ မာကျောက်ဝိုင်းမှာ ဒေးဗစ်က ပင်တိုင်ဖြစ်လာပါတယ်။ သဘော်ကလည်း ဩစတေးလျနဲ့ စင်ကာပူနဲ့ပဲ သွားနေရတာမို့ ဩစတေးလျရောက်တိုင်း ဝိုင်တွေ ဝယ်ထားကြတယ်။ ဒီတော့ ဆေးလိပ်သောက်ခန်းထဲ ဝိုင်အရက်နဲ့ မာကျောက်ကစားဝိုင်းဟာ ဟာမိုနီ ဖြစ်နေတော့တာပဲ။ ကစားဝိုင်းထဲက တရုတ်တွေနဲ့ စက်ချုပ်ဒေးဗစ်ရဲ့ ငြင်းခုန်သံဟာ အမြဲလိုလို ဆူညံနေတတ်ပါတယ်။

အဲဒီ မာကျောက်ဝိုင်းကို တခြား ရွှေတွေ မသွားတတ်ပေမဲ့ ကိုချက်တစ်ယောက်ကတော့ ရောက်ရောက် သွားတတ်တာ သတိထားမိပါတယ်။ တစ်ခါတစ်ခါ သူပါ ဝင်ကစားနေတတ်ပြီး တခါတစ်ခါတော့ ဘေးကနေ နောက်ပြောင်နေတတ်တာကိုလည်း တွေ့မိပါတယ်။

ဒေးဗစ်ရဲ့ စက်ချုပ်ရာထူးကလည်း စက် ၂ ပြင်ဆင်ထားပေးတဲ့ စာရွက်တွေပေါ် လက်မှတ် ထိုးရတာနဲ့ မာကျောက်ကစားဖို့ အတွက်သာ ဖြစ်လာပါတော့တယ်။ အင်ဂျင်ခန်းအလုပ်ကိစ္စတွေမှာ ဘာမှ စီမံခန့်ခွဲ ကြိုးကြပ်တာ လုံး၀ မရှိသလို စိတ်လည်း မဝင်စားပါဘူး။ စက် ၂ က တရုတ်ဆီလောင်း ၁ ကို အလုပ်ပေးထားရင်တောင် သူ မာကျောက်ကစားဖို့ အဖော်မရှိရင် ဘာနေ့ဖြစ်ဖြစ် "ဒီနေ့ဟောလီးဒေး" ဆိုပြီး အတင်း ခေါ်သွားတတ်ပါသေးတယ်။

♥

တစ်ညပေါ့၊ ကျွန်တော့်အထင် ည ၁၀ နာရီလောက် ရှိနေပြီ။ ကျွန်တော်တို့ သဘော်က ဩစတေးလျကနေ စင်ကာပူကို ပြန်လာနေတဲ့ လမ်းမှာ။ ကျွန်တော့် အခန်းထဲက ဖုန်းက ထမြည်လာရော။ ဖုန်းကိုင်လိုက်တော့ A Deck က အခန်းမှာ နေတဲ့ အောဘီ ကိုကျော်သူလွင် ဖြစ်နေတယ်။

mgyoe.com

"အစ်ကို အစ်ကို အမြန် ဆင်းလာခဲ့ဦး၊ ဒီမှာ ကိုချက်နဲ့ စက်ချုပ် ရန်ဖြစ်နေကြတယ်။ ထိုးကြ ကြိတ်ကြ ဖြစ်ကုန်ပြီ" တဲ့။

ကိုကျော်သူလွင်ရဲ့ အခန်းက မာကျောက်ဝိုင်း လုပ်တဲ့ ဆေးလိပ်သောက်ခန်းနဲ့ လမ်းလေးပဲ ခြားတာ ဆိုတော့ သူ အလွယ်တကူ သိလိုက်ပုံပါပဲ။

"ဟင်"

ကျွန်တော်လည်း ဖုန်းချပြီးတာနဲ့ အောက်ထပ်ကို တန်းပြေးဆင်းသွားတော့တာပဲ။ စက်ချုပ် လို ခန္ဓာကိုယ်ကြီးနဲ့ ရန်ဖြစ်ရင် ကိုချက် တစ်ယောက်ဘယ်လိုမှ သက်သာမှာ မဟုတ်။ ဒေးဗစ်တစ်ယောက် သူ့ခန္ဓာကိုယ်ကြီးနဲ့ ကိုချက်ကို တက်ခွထားပြီး လက်သီးတွေနဲ့ ဖိထိုးနေမှာကို စိုးရိမ်တကြီး ကြိုမြင်နေမိတယ်။

ကျွန်တော် ဆေးလိပ်သောက်ခန်းထဲ ရောက်သွားတော့ ကျွန်တော်ကြိုထင်ထားသလို လူချင်း လုံးထွေး ထိုးကြိတ်နေတာမျိုးတွေ မတွေ့ရပါဘူး။ ဒေးဗစ်လက်ချက်နဲ့ မျက်နှာတစ်ခုလုံး ဖူးယောင်နေတဲ့ ကိုချက်ကိုလည်း မတွေ့ရဘူး။ ဒါပေမဲ့ မမျှော်လင့်ဘဲ တွေ့လိုက်ရတာက မျက်နှာတစ်ခြမ်းလုံး သွေးတွေ ရွှဲနေတဲ့ ဒေးဗစ်ကို တွေ့လိုက်ရတာပဲ။ ပါးစပ်ကလည်း တရှူးရှူး တရှားရှား ညည်းနေတယ်။ "F*king Chief cook, F*king Chief Cook" လို့ တတွတ်တွတ် ဆဲဆိုနေရင်း အဲဒီနားက အိမ်သာခန်းထဲက မှန်မှာ သူ့ဒဏ်ရာကို ပြန်ကြည့်နေတယ်။ တရုတ်တွေကတော့ (အံ့ အားသင့်ဖွယ်) အော်ဟစ် ရယ်မောနေကြလေရဲ့။

ဒီအခြေအနေကို မြင်လိုက်ရတဲ့အခါ ပြဿနာတော့ တက်ပြီလို့ ကျွန်တော်တို့ တွေးမိလိုက်ကြတယ်။ ဒေးဗစ်ဟာ ဒီကိစ္စကို ဒီနေရာမှာ ရပ်တန့်သွားမှာမဟုတ်ဘူး ဆိုတာလည်း သဘောပေါက်နှင့် ကြတယ်။ ပိုနားမလည်နိုင်တာက လူကောင်သေးသေး ကိုချက်ဟာ သူ့ခန္ဓာကိုယ်ထက် ၃ ဆ လောက်ကြီးတဲ့ ဒေးဗစ်ကို ဒီလို သွေးထွက်သံယို ဖြစ်တဲ့အထိ ဘယ်လိုများ တိုက်ခိုက်လိုက်နိုင်လဲ ဆိုတာပါပဲ။

ဒါနဲ့ ကျွန်တော် ကိုချက်အခန်းကို ရောက်သွားတော့ အခန်းထဲ ဘာလုပ်ရမှန်းမသိ ထိုင်နေတာကို တွေ့ရပါတယ်။ သူ့အခန်းက ကျွန်တော့်လိုပဲ B Deck မှာပဲ။ အခန်းချင်းကလည်း လှမ်းကြည့်ရင် မြင်နေရတဲ့ အခန်းမျိုးပါ။

"ကိုချက် ဘယ်လို ဖြစ်တာလဲ"

mgyoe.com

"ဒီကောင်ကြီးက မူးလည်း မူးနေတာ။ မာကျောက်ကလည်း ရှုံးနေတာ။ ကျွန်တော်ကလည်း အရင်လို စ နောက်နေတာပေ့ါဗျာ။ အဲဒါကို ဒီကောင်ကြီးက ကျွန်တော့်ကို မာကျောက်ထည့်တဲ့ သေတ္တာနဲ့ ကောက်ပေါက်တာဗျ။ ကျွန်တော်လည်း စိတ်တိုပြီး ပြေးဝင်လုံးတာ။ လူချင်းလုံးတော့ ကျွန်တော်အောက်က ကျတာပေ့ါဗျာ။ ဒါနဲ့ ကျွန်တော်လည်း ဘာဖြစ်ဖြစ် ဆိုပြီး သူ့ပါးကို အားနဲ့ ကိုက်ပစ်တာ"

"ဟာ"

တကယ်တော့ ကိုချက်ဟာ မိုက်တိုင်စန် ဆန်ဆန် လုပ်ပစ်တာပဲ။ ဒါပေမဲ့ ကိုချက် ဒီလို နေလို့ မဖြစ်။ ကိုချက်က ပထမ ကျွန်တော့်အခန်းထဲ လာရှောင်နေဖို့ ပြောသေးတယ်။ ဒါပေမဲ့ ဒီလောက် အခန်းချင်း နီးနေတာမို့ ဒေးဗစ် ကောင်းကောင်း သဘောပေါက်နိုင်တယ်။ ဒီတော့ ဒီစိတ်ကူးဟာ အန္တရာယ်တောင် ပိုများပါသေးတယ်။ ဒါနဲ့ ကိုချက်လည်း ကိုကျော်သူလွင် အခန်းထဲ သွားရှောင်နေတော့တယ်။

ထင်တဲ့အတိုင်းပါပဲ။ မကြာပါဘူး။ မနက် ၁ နာရီလောက်ကျတော့ ဒေးဗစ် ကိုချက် အခန်းကို သွားခေါက်တယ်။ အထဲက ဘာတုန့်ပြန်သံမှလည်း မရ၊ သော့လည်း ခတ်ထားတော့ ကျွန်တော့်အခန်းကို လာခေါက်တော့တာပဲ။ ကျွန်တော်ကလည်း ကြိုတွက်ပြီးသားမို့ အခန်းတံခါး ဖွင့်ပေးလိုက်တော့ ဘာမှ မပြောဘဲ အခန်းထဲ ဖွတ်ဝင်လာတယ်။ "ဘာဖြစ်လို့လဲ" လို့ မေးတော့လည်း ဘာမှ မဖြေဘူး။ ဒါပေမဲ့ သူ ကိုချက်ကို လာရှာမှန်း ကျွန်တော် သိတာပေ့ါ။ မတွေ့တော့ ပြန်သွားတယ်။ ပြီးတော့ နောက်တစ်ခေါက် ရောက်လာပြန်တယ်။ ဒီတစ်ခါတော့ ကျွန်တော် သိပ် စိတ်မရှည်တော့ဘူး။

"သူ ငါ့အခန်းထဲ မလာဘူး။ မင်း ရှာချင်တဲ့ အချိန် လာရှာ။ ငါ အခန်းတံခါး ဖွင့်ထားမယ်" လို့ ပြောပြီး အခန်းတံခါးမကြီးကို အပြည့် ဖွင့်ပေးထားလိုက်တော့တာပဲ။ ဒေးဗစ် ကျွန်တော့်အခန်းထဲက ပြန်မထွက်ခင် ကျွန်တော်သူ့ဘွိုင်လာဆု အိတ်ကပ်ထဲ မြင်လိုက်ရတာက ဓားတစ်ချောင်း ဖြစ်နေတယ်။ အန္တရာယ်ဟာ ကျွန်တော်တို့ ထင်ထားတာထက် ပိုကြီးတယ် ဆိုတာလည်း နားလည်လိုက်သလို ကိုချက်အတွက်လည်း ပိုစိုးရိမ်သွားမိတယ်။

နောက်တစ်ခါ ဒေးဗစ် ကျွန်တော်တို့ အထပ်ကို ရောက်လာချိန်မှာတော့ သူ့လက်ထဲ တူကြီး တစ်ချောင်း ပါလာတယ်။ ပြီးတော့ ကိုချက် အခန်းတံခါးကို တူကြီးနဲ့ တဒုန်းဒုန်း ထုတော့တာပါပဲ။ ပါးစပ်ကလည်း အော်ဟစ်စိန်ခေါ်နေတာ။

mgyoe.com

mgyoe.com

ကျွန်တော်တို့ အခန်းတွေဟာ ရေဲကျနေသလို ဖြစ်နေ တယ်။ မှုးနေသလို ကျားနာခဲ ခဲနေတဲ့ ဒေးဗစ်ရဲ့ ဒေါသတွေဟာ ပတ်ဝန်းကျင်ကိုလည်း ပတ်မရမ်းဘူးလို့ အာမ မခံနိုင်ဘူးမို့လား။ ဒီတော့ သူ့ကို ဘယ်သူမှလည်း သွားမတားရဲကြဘူး။ ဘယ်သူမှ လည်း တရုတ်သူကြီးကို သွားမတိုင်ကြဘူး။ ဘယ်သူမှ သွားမတိုင်ဘူးပဲ ထားပါဦး၊ ဒီလောက် ဝရုန်းသုန်းကား အသံတွေကို အပေါ်ထပ်က သူကြီး မကြားဘဲနေပ့ါ မလား။

ဒါနဲ့ ကျွန်တော် ကိုထွန်းထွန်းဝင်း ( Electrician ) ကို ဖုန်းဆက်ရတော့ တယ်။ ကိုထွန်းထွန်းဝင်းလည်း သူကြီးနဲ့အတူ ဆင်းလာပြီး စက်ချုပ်ကို ချော့မော့ ခေါ်သွားတယ်။ သူ့အိတ်ထဲက ဓားမြှောင်ကိုပါ မသိမသာ သိမ်းသွားလိုက်တယ်။

ဒါပေမဲ့ ဇာတ်လမ်းက မပြီးသွားပါဘူး။ မနက် ၃ နာရီလောက်ကြီး ကျွန်တော့် အခန်းထဲ ကိုချက် ဖုန်းလှမ်းဆက်ပါတယ်။ အသံက တိုးတိုးကလေးမှ တကယ့် တိုးတိုးကလေး။

"စက်ချုပ် ကျွန်တော်ရှိမှန်း သိလို့ ကိုကျော်သူလွင်ရဲ့ အခန်းရှေ့မှာ လာစောင့်နေတယ်" တဲ့။ ကျွန်တော် သွားကြည့်တော့ ဟုတ်တယ်။ စောင့်တာမှ ထိုင်ခုံနဲ့ကို ဟန်ကျပန်ကျ စောင့်နေတာ။ ကျွန်တော် သူ့ကို တတ်နိုင်သမျှ ချော့ခေါ် ကြည့်သေးပါသေးတယ်။ သူ့အဖြေကတော့ နိုးပါတဲ့။

"ခဏနေရင် အေဘီ ဂျူတီ ပြီးတော့မှာ။ အဲဒီအခါကျရင် ဒီကောင် တံခါး ဖွင့်ရမှာပဲ"

မနက် ၃ နာရီခွဲ ကျွန်တော် အင်ဂျင်ခန်းထဲ ဂျူတီဆင်းတော့ တရုတ် စက် ၂ ကို ပြောပြတယ်။ အဲဒီတော့မှ စက် ၂ လည်း ကိုထွန်းထွန်းဝင်းကို သွားခေါ် ပြီး သူကြီးဆီ ပြန်သွားကြပြန်တယ်။ နောက်ဆုံးတော့ စေ့စပ် ဖြေရှင်းရေးသမား တွေ အောင်မြင် သွားကြပါတယ်။ နောက်တစ်နေ့ မနက် စက်ချုပ် အင်ဂျင်ခန်းထဲ ဆင်းလာတော့ မျက်နှာကြီးတစ်ခြမ်း ဖူးရောင်လို့။ ဆေးမြစ်လိုလို ဆေးတောင့် လိုလိုတွေ သွေးလိမ်းထားတယ်။ ဒေးဗစ်ကို ဒီပုံစံနဲ့ မြင်လိုက်ရတော့ ကျွန်တော့်မှာ မဆီမဆိုင် မျက်နှာတွေ ပူပြီး အားနာသွားမိသေးတယ်။ ကိုချက်ကိုလည်း ဒီကောင် ကြီးနဲ့ ဝေးဝေးနေဖို့ သတိအမြဲထားဖို့ ပြောထားရတယ်။

တစ်ပတ်လောက်နေတော့ ဒေးဗစ်မျက်နှာက အရောင်လည်း ကျသွား ပါတယ်။ ကျွန်တော်တို့ စိုးရိမ်နေကြသလို ကိုချက်ကို ဘာမှ လက်တုန့်ပြန်တာမျိုး မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုချက်ကတော့ သူ့ ကို သတိထားနေရတုန်းပေ့ါ။

♥

mgyoe.com

mgyoe.com SAMPLE BOOK

ဒီပြဿနာ တက်ပြီး ၁၀ ရက်လောက်ကြာတော့ ကိုချက်က ကျွန်တော် တို့ကို ပြန်ပြောပြပါတယ်။

အဲဒီညနေက ကိုချက် မီးဖိုထဲ ချက်ပြုတ်နေတုန်း ဒေးဗစ် သူ့အနား ကပ်လာတယ်တဲ့။ ကိုချက်က လန့်ပြီး မော့ကြည့်တော့ သူ့ပါးက အကင်းသေစ ဒဏ်ရာကို လက်ညှိုးထိုးပြပြီး "ဒီမှာ မင်း ငါ့ကို နမ်းထားတာ တွေ့လား" လို့ ပြုံးပြုံးကြီးနဲ့ ပြောလိုက်သတဲ့လေ။ ကျွန်တော်တို့မှာ အဲဒီတော့မှပဲ ရယ်နိုင်ကြ တော့တယ်။

ကျွန်တော် အဲဒီသင်္ဘောက ပြန်ဆင်းလာတဲ့အထိ ကိုချက်ကော၊ ဒေးဗစ် ကော ကျန်နေခဲ့သေးတယ်၊ ဒါပေမဲ့ နောက်ပိုင်း သတင်းတွေအရ ဒေးဗစ်ကို ကုမ္ပဏီ က အလုပ်ဖြုတ်လိုက်တယ်တဲ့။ ကိုချက်နဲ့ ပြဿနာ ဖြစ်တဲ့ညက ဓားကိုင်ပြီး ရမ်းကားခဲ့လို့လား၊ အလုပ်ကိစ္စ အားနည်းချက်တွေကြောင့်လား။ ဒါမှမဟုတ် အဲဒီအချက် နှစ်ချက်လုံးကြောင့်လား ဆိုတာတော့ ဘယ်သူမှ အတိအကျ မပြောပြ နိုင်ခဲ့ပါဘူး။ ။

⚓

mgyoe.com

mgyoe.com SAMPLE BOOK

## သင်္ဘောသားပြောသော ပုံပြင်များ ( ၆ )

၂၀၁၁ – ၂၀၁၂ ခုနှစ် အချိန်ကပေါ့။

အဲဒီတုန်းက ကျွန်တော်တို့ သင်္ဘောဟာ ရန်ကုန်ကို တစ်လမှာ သုံးခေါက် ကနေ လေးခေါက်အထိ ဝင်တတ်တယ်။ သင်္ဘောက လောင်စာဆီတွေ တင်တဲ့ သင်္ဘောဖြစ်ပြီး စင်ကာပူနဲ့ ရန်ကုန်ကိုပဲ ပုံမှန် ပြေးဆွဲနေခဲ့တာပါ။ စင်ကာပူမှာ ကုန်တင်ပြီး ရန်ကုန်မှာ ကုန်ပြန်ချရတာပေ့ါ။ သင်္ဘောက GRT ၅၀၀၀ လောက် လေး ရှိပြီး ကျွန်တော် ရောက်သွားတော့ သင်္ဘောက ၁၇ နှစ်သား ရှိနေပါပြီ။

အဲဒီနှစ် ကာလတွေက ရန်ကုန်မှာ Tanker သင်္ဘောတွေအတွက် မြမေတ္တာမွန် တို့လို သီးသန့် ဆိပ်ကမ်းတွေ မရှိသေးဘူး။ ဒီတော့ သီလဝါ ကွန်တိန်နာဆိပ်ကမ်းနဲ့ ခပ်လှမ်းလှမ်း၊ရန်ကုန်မြစ်လယ် တစ်နေရာမှာသင်္ဘောကျောက်ချပြီး ဆီကုန်တင်တွဲ ( Barge ) ကြီးတွေနဲ့ တစ်စီးပြီးတစ်စီး လာကဲ့ယူသွားတတ်တယ်။

ဒီတော့ ရန်ကုန်ကို သင်္ဘောပြန်ရောက်တာနဲ့ ဂိုးရှိုး ဆင်းချင်တဲ့အခါ ဆိပ်ကမ်းကပ်တဲ့အခါလို ရှူးပတ်စ်လေးကိုင်လို့ Gang Way ပေါ်ကနေ ကျော့ကျော့ လေး ဆင်းသွားလို့ မရပါဘူး။ ဗိုလ်တထောင်ဘုရားဆိပ်ကမ်းက ပဲ့ထောင်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ကို ဖုန်းနဲ့ လှမ်းဆက်ခေါ်ပြီး သီလဝါကနေ ဗိုလ်တထောင် ဆိပ်ကမ်းအထိ တန်းသွားတာတွေ ရှိသလို တစ်ခါတလေ ဆီလာကဲ့ယူတဲ့ ကုန်တွဲတွေ ရန်ကုန်ဘက် ပြန်ထွက်သွားတဲ့အခါ လမ်းကြုံ လိုက်သွားတတ်တာတွေလည်း ရှိပါတယ်။ တစ်ခါတလေ ပဲ့ ထောင်လေးတွေနဲ့ ဖန်ချက်စက်ရုံနားက လှေဆိပ်အထိ သွားပြီး ဒူးလောက်ပေါင်လောက် ရွှံ့ဗွက်တွေကို ဖြတ်သန်းရပြန်ပါတယ်။ များသောအားဖြင့် တော့ နေဗီတံတားလို့ ခေါ်တဲ့ တံတားလေးဆီ ပဲ့ထောင်လေးတွေနဲ့ သွားပြီး တံတားအောက်က သံပေါင်တွေကို မျောက်လွှဲကျော်တွေလို ခိုလို့ ကုန်းပေါ် တက်ရပြန်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလက ရန်ကုန်ကို သင်္ဘောပြန်ဝင်တိုင်း ဂိုးရှိုးဆင်းရတဲ့ အနေအထားပါပဲ။

ဘယ်လိုအနေအထားတွေနဲ့ပဲ သွားရသွားရ၊ ကုန်းမြေကို နင်းမိလိုက်တာနဲ့ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေကို ချက်ချင်း မေ့လျော့ပစ်သွားတာကတော့ သေချာပါတယ်။

♥

ကျွန်တော် အဲဒီသင်္ဘောကို ရောက်တော့ ကပ္ပတိန်က တရုတ်လူမျိုးပါ။ တရုတ်ကပ္ပတိန် ပြန်သွားပြီးတဲ့နောက် အသစ် ထပ်ရောက်လာတဲ့ ကပ္ပတိန်ကတော့ အင်ဒိုနီးရှား လူမျိုးပါပဲ။ အသက် ၅၀ ကျော်စပြုပါပြီ။ ခပ်ဝဝ၊ အရပ်ပုပု၊ နဖူးပြောင်ပြောင်နဲ့ ပါးစုန့်ကြီးတွေကဖောင်းထွက်နေတတ်တယ်။ မျက်လုံးပြူးပြူးနဲ့ စကားပြောရင် အားရပါးရ ပြောတတ်ပြီး မျက်နှာမြင်လိုက်တာနဲ့ ခင်မင်စရာကောင်းတဲ့ အညာသားကြီး တစ်ယောက်နဲ့ ပိုတူနေတယ်။ သူ့နာမည်က မစွတာ ပေါလုတဲ့။ ခရစ်ယာန်ဘာသာဝင် ဖြစ်ပုံရပါတယ်။ မြန်မာ O/S လေးတစ်ယောက်တော့ သူ့ကို ကွယ်ရာမှာ ချစ်စနိုး နာမည်လေး ပေးထားပါတယ်။ "ဖားပြုပ်မကြီး" တဲ့။

သူ ရောက်ရောက်ချင်း ကျွန်တော်တို့နဲ့ ဆုံမိတဲ့အခါ ကျွန်တော်တို့ မြန်မာလူမျိုးတွေမှန်း သိတာနဲ့ သူ ရန်ကုန်ကို မကြာခဏ သင်္ဘောနဲ့ ဝင်ဖူးကြောင်း၊ သူ ပန်းဆိုးတန်းက နန်းယု စားသောက်ဆိုင်ကို သိကြောင်း၊ ဒါပေမဲ့ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ က ဖြစ်ကြောင်း ပြောတတ်ပါတယ်။ အဲဒီလို ပြောတာ တစ်ကြိမ်နှစ်ကြိမ်တည်း မဟုတ်ပါဘူး။ အစည်းအဝေးတွေမှာ စကားစပ်မိရင်လည်း မင်းတို့ နန်းယုကို သိလားလို့ မေးတတ်ပါတယ်။ သူ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က

mgyoe.com

mgyoe.com

ရန်ကုန်ကို ရောက်ဖူးကြောင်းကိုလည်း ထပ်ပြောပြပြန်ပါတယ်။ ကြာလာတော့ ကျွန်တော်တို့မှာ သူ ပြောတဲ့ ရန်ကုန် အကြောင်းတွေကို ရိုးလာသလိုလိုတောင် ဖြစ်လာတော့တာပဲ။

သူ ပြောတဲ့ နန်းယု ဆိုတာ ကျွန်တော် ၂၀၀၀ ပြည့်နှစ် ရန်ကုန်ကို စရောက်ကတည်းက ပန်းဆိုးတန်းလမ်းကို ဖြတ်ဖြတ် လျှောက်မိတိုင်း မြင်ဖူးနေကျ။ တောသားမြို့ရောက်ပီပီ မြင်သမျှ ဆိုင်းဘုတ်တွေ လိုက်ဖတ်နေမိတာကိုး။ နန်းယု ပျော်ပွဲစားရုံ ဆိုတဲ့ ဆိုင်းဘုတ်ဟာ ကျွန်တော့်အတွက် ထူးဆန်းနေခဲ့ပါတယ်။ ( အခုတော့ ရန်ကုန်ရဲ့ အတိတ် တစ်ခုကို ပြန်ပြောရင် နန်းယု ပျော်ပွဲစားရုံ နာမည်ဟာ ပါပါလာနေတော့တယ်။)

တစ်ရက် သင်္ဘော ရန်ကုန်ကို ကုန်ချဖို့ ဝင်လာပြန်ပါတယ်။ ကျွန်တော်တို့ ဂိုးရှိုး ဆင်းဖို့ ပြင်ကြတဲ့အခါ ကပ္ပတိန်က သူပါ ရန်ကုန်ကို လိုက်ချင်ကြောင်း ပြောပါတယ်။ တကယ်ဆို ကျွန်တော်တို့က နိုင်ငံခြားသားတွေနဲ့ အတူတူ မသွားချင်ပါဘူး။ တချို့ နိုင်ငံခြားသားတွေ ကျွန်တော်တို့နဲ့ ရန်ကုန်ကို လိုက်လာတဲ့အခါ အိမ်ရှင်တွေ ဖြစ်သွားတဲ့ ကျွန်တော်တို့ဟာ သူတို့ကို ဟိုပို့ပေးရ၊ ဒီပို့ပေးရနဲ့ ကျွန်တော်တို့ရဲ့ ကမ်းဆင်းခွင့် အချိန်လေးတွေ ပြုန်းတီးရတယ်လေ။

ဒါပေမဲ့ ကပ္ပတိန်ကိုတော့ ကပ္ပတိန် ဖြစ်နေတဲ့ အကြောင်းပြချက်ကြောင့်ပဲ ကျွန်တော်တို့ ခေါ်သွားကြရပါတယ်။ ပထမ သင်္ဘောပေါ်က ဆင်းတဲ့အခါ ပဲ့ထောင်လေးနဲ့ သွားကြပြီး ဖန်ချက်လို့ ကျွန်တော်တို့ ခေါ်ကြတဲ့ လှေဆိပ်ကို ရောက်တော့ ချိန်းထားတဲ့ ဆိုင်ကယ်ကယ်ရီတွေ အဆင်သင့် ရောက်နေကြပါပြီ။ အဲဒီအချိန်မှာပဲ ရေတပ်က တပ်သားတချို့ အဲဒီနားမှာ လျှောက်လာတာတွေ့ရပါတယ်။ ဒါဟာ ကျွန် တော်တို့အတွက် အခက်အခဲ တစ်ခုပါပဲ။ တကယ်လို့ မေးလားမြန်းလား လုပ်ရင် ကျွန်တော်တို့က နိုင်ငံသားမို့ ပြဿနာမရှိပေမဲ့ ကပ္ပတိန်ကတော့ ရှိနိုင်ပါတယ်။ ဒါပေမဲ့ သူ အင်္ဂလိပ်စကား မပြောမိဖို့ လိုပါသေးတယ်။ ရုပ်ရည်က ကျွန်တော်တို့ မြန်မာတွေ အတိုင်းဆိုပေမဲ့ သူ အင်္ဂလိပ်စကား ပြောမိရင် နိုင်ငံခြားသား ဆိုတာ သိသွားပြီး ကျွန်တော်တို့ပါ ပိုခက်ခဲသွားနိုင်တယ် မဟုတ်လား။

ကျွန်တော်တို့ ဆိုင်ကယ်ကယ်ရီတွေပေါ် တစ်ယောက်တစ်စီး နောက်က တက်ကြပါတယ်၊ အဲဒီမှာ ကပ္ပတိန် မစွတာပေါလုက ဘယ်ဆိုင်ကယ်ပေါ် တက်ရမှန်း မသိ ဖြစ်နေတာ။ သူ့ဘာသာ အဆင်ပြေသွားမလားလို့ ကျွန်တော် လှမ်းကြည့်

mgyoe.com

mgyoe.com SAMPLE BOOK

နေပေမဲ့ အဆင်ပြေမလာပါဘူး။ သူနဲ့ ကျွန်တော်နဲ့ကလည်း လက်တို့ပြောလို့ရတဲ့ အနေအထား မဟုတ်ဘူး။ ခပ်လှမ်းလှမ်း ဖြစ်နေတယ်။ သူ ဟိုဟာ လုပ်ရမလိုလို ဒီဟာလုပ်ရမလိုလို ယောင်နန ဖြစ်နေတာ ကြာသွားရင် တခြားသူတွေ ရိပ်စားမိသွားနိုင်တယ်။ ဒီတော့ ကျွန်တော် စွန့်စားခန်းတစ်ခု လုပ်လိုက်ရပါတော့တယ်။

"ဦး ... ဦး ... အဲဒီ ဆိုင်ကယ်ပေါ် တက်လိုက်လေ"

ကျွန်တော် ရုတ်တရက်မြန်မာစကားနဲ့ လှမ်းအော် ပြောလိုက်တော့ သူလည်း ခဏတော့ ကြောင်သွားပြီး ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ ဒါပေမဲ့ အဲဒါ ခဏပါပဲ။ သူ ကျွန်တော် ဘာလုပ်လိုက်တယ် ဆိုတာ ချက်ချင်းပဲ နားလည်သွားပုံ ရပါတယ်။ သဘောပေါက်သွားဟန်နဲ့ သူ့နားက ဆိုင်ကယ်ပေါ် ချက်ချင်း တက်ခွလိုက်တော့တာပဲ။ တကယ့် စကားနည်းတဲ့ အညာသား ဦးကြီးတစ်ယောက်အတိုင်း။

ဆိုင်ကယ် ကယ်ရီတွေနဲ့ သန်လျင် ဘုရားကုန်းရောက်တော့ ကျွန်တော်တို့ ဆင်းကြပြီး ရန်ကုန်ကို တက္ကစီ ငှားသွားကြတယ်။

တက္ကစီပေါ်မှာ ကပ္ပတိန် မစ္စတာပေါလုက ကျွန်တော်တို့ကို တစ်ခွန်းပဲ တောင်းဆိုတယ်။

"ငါ့ကို ပန်းဆိုးတန်းလမ်းက နန်းယုကို ပို့ပေးပါ၊ ပြန်လာရင်လည်း အဲဒီကိုပဲ လာကြိုပေး၊ နန်းယု ရောက်ရင် ငါ အကုန် သွားတတ်တယ်"

ကျွန်တော်တို့ သူ့ကို တအံ့တဩ ပြန်ကြည့်မိကြတယ်။ နန်းယုဟာ သူ့ဘဝမှာ ဘာတွေများ အရေးပါခဲ့ပါလိမ့်၊ နန်းယုဟာ သူ့ဘဝလမ်းအတွက် မြေပုံ အမှတ်အသား တစ်ခုလိုတောင် ဖြစ်နေတာလား။ ဒီလိုနဲ့ပဲ နန်းယု ပျော်ပွဲစားရုံ ဆိုတဲ့ နေရာကို ကျွန်တော်တို့ လိုက်ပို့လိုက်ကြပါတယ်။ ပြီးတော့ လိုအပ်ရင် ဆက်ဖို့ ကျွန်တော်တို့ ဖုန်းနံပါတ်တွေ ပေးလိုက်တယ်။ ပြီးတာနဲ့ ပြန်ထွက်ခဲ့ကြပါတယ်။ သူကတော့ နန်းယုထဲကို တန်းတန်းမတ်မတ် ဝင်သွားလေရဲ့။

♥

အဲဒီညနေခင်း ၆ နာရီလောက်ရောက်တော့ သူ့ဆီက ဖုန်းဝင်ပါတယ်။

သူ ပြန်တော့မယ်တဲ့။ သူ ဗိုလ်တထောင်ဘုရားဆိပ်ကမ်းကို ရောက်နေပါပြီတဲ့။

mgyoe.com